အမှတ်-၁၀၁၄

အဂ္ဂမဟာပဏ္ဍိတ

အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# မိတ်ကောင်း ဆွေကောင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သို့

..................................................

..................................................

မှ

..................................................

..................................................

အမှတ်တရ ဓမ္မဒါန

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင်

တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စာအုပ်ရရှိနိုင်သောနေရာ

ဦးကံထူး(စိုးစံ) အီလက်ထရောနစ်
အမှတ်(၁၄၂)၊ (၂၃)လမ်း။
ဖုန်း ၀၁-၂၄၀၆၇၀၊ ၀၁-၅၁၃၂၄၃၊ ၀၉-၅၁၅၃၈၂၁

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၀၈၈၀

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# မိတ်ကောင်း ဆွေကောင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# အရှင်နန္ဒမာလာဘိဝံသ ၏
# ထုတ်ဝေပြီး ဓမ္မစာအုပ်များ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ MRTV(4) တရားတော်များ (၃)ပုဒ်တွဲ
(က) နှစ်ဦးကာလ ဓမ္မလက်ဆောင်
(ခ) မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
(ဂ) ယနေ့လူသားများရဲ့ မနက်ဖန်ကမ္ဘာ
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာစုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နဲ့ တစ်ယောက်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# အမှာစကား

သာသနာတော်နှစ် ၂၅၅၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅-ရက်၊ သုံးခွင်မြို့နယ်၊ ၆-ရပ်ကွက်၊ တိုင်းရင်းသားများ ဖွံ့ဖြိုးရေး ပရိယတ္တိကျောင်း၊ အော်ဘွန်ဟော အော်ဘွန်ပါ ဓမ္မဗိမာန်တော်ကြီးအတွင်း၌ ဆင်ယင်ကျင်းပပြုလုပ်အပ်သော ညဉ့်ဦးယံဓမ္မသဘင်အခမ်းအနား၌ နှစ်ဖက်သော မိဘများကို အမှူးထား၍ မရမ်းကုန်းမြို့နယ်၊ ၇မိုင်ခွဲ၊ တေးနုယဉ်လမ်း၊ အမှတ်-၄၅၊ ဦးသောင်းဌေး၊ ဒေါ်ခင်စောဝင်း၊ သား-မောင်မင်းသောင်းခန့်၊ ကျော်ညီညီခန့်မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော 'မိတ်ကောင်းဆွေကောင်း' တရားဒေသနာတော်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဤစာအုပ်သည် ဟောတရားကို အသံမှ စာလုံး အဖြစ် ကူးပြောင်းဖလှယ်ကာ တည်းဖြတ်ရေးသား အပ်သော စာအုပ်ဖြစ်သည်။ လူသည် မွေးလာသည် မှစ၍ အပေါင်းအသင်းဖြင့် နေလေ့ရှိ၏။ အပေါင်းအသင်းများကို သဟာယသို့မဟုတ် မိတ္တဟုခေါ်၏။

အပေါင်းအသင်းများသည် လူတစ်ယောက်၏ ဆိုးကျိုးကောင်းကျိုးများကို ဖော်ဆောင်တတ်ကြ၏။ အပေါင်းအသင်းကြောင့် လူ့ဘဝမှာ ကြီးပွားတိုးတက်မှု ရရှိကြသလို ဆုတ်ယုတ်ပျက်စီးမှုကိုလည်း ရရှိတတ်ကြ၏။

သို့ဖြစ်၍ ကြီးပွားတိုးတက်လိုသူတိုင်း အပေါင်း အသင်းကို ရွေးချယ်ပေါင်းသင်းကြ၏။ အကျိုးပြုအပေါင်း

အသင်းများကို မိတ်ကောင်းဆွေကောင်းဟု ခေါ် ကြ၏။ အဘယ်ပုဂ္ဂိုလ်များသည်သာ မိတ်ကောင်း ဆွေ ကောင်းဖြစ်နိုင်ကြောင်း ဗုဒ္ဓမြတ်စွာက သိင်္ဂါလောဝါဒ သုတ္တန်၌ ဟောကြားထားသည်။ မြတ်ဗုဒ္ဓ၏တရား

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒေသနာများကို အခြေခံ၍ ဤစာအုပ်၌ 'မိတ်ကောင်း၊ ဆွေကောင်း' များကို ဖော်ပြထားသည်။

မိတ်ဆွေအတုများ သတိထားလျက် မိတ်ကောင်း ဆွေကောင်းများနှင့်သာ လက်တွဲကာ ဘဝခရီးလမ်း လျှောက်လှမ်းနိုင်ကြပါစေ။

ဓမ္မအသိ ရှိလျက်နေမည်-
အရှင်နန္ဒမာလာဘိဝံသ
၃-၁၀-၂၀၁၀

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

[illegible]
[illegible]

[illegible]
[illegible]
[illegible]

[illegible]
[illegible]
၄.၁၀.၂၀၀၀

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မိတ်ကောင်းဆွေကောင်း

❀❀❀

လောကမှာ လူတွေက ပြောလေ့ရှိကြတယ်။ မိတ်ဆွေကောင်းရှိဖို့ လိုတယ်။ သို့သော် မိတ်ကောင်းဆွေကောင်းဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ။ ဘယ်လို ပုဂ္ဂိုလ်မျိုးဟာ မိတ်ကောင်းဆွေကောင်းလဲ။ မိတ်ကောင်းဆွေကောင်းရဲ့အဓိပ္ပါယ်ကို ဖော်ထုတ်တဲ့အခါမှာ လွဲချော်မှုတွေရှိကောင်း ရှိလိမ့်မယ်ပေါ့။

သို့မဟုတ်၊ မိတ်ကောင်းဆွေကောင်းကို သရုပ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖော်တဲ့အခါမှာ မပြည့်မစုံ ဖြစ်တာတွေ ရှိနိုင်တယ်ပေါ့။ မိတ်ကောင်းဆွေကောင်း လိုအပ်တယ်ဆိုတာကိုတော့ လူတိုင်းလက်ခံတယ်။ ဘယ်လိုပုဂ္ဂိုလ်မျိုးဟာ မိတ်ကောင်းဆွေကောင်းလဲဆိုတာကျတော့ လူတိုင်းမသိနိုင်ဘူးပေါ့။

မိတ်ကောင်းဆွေကောင်းလိုအပ်တယ်ဆိုတာ ဘယ်အတိုင်းအတာထိ လိုအပ်သလဲဆိုတာ သိရအောင် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်တွေကို လေ့လာကြည့်ကြရမယ်။

ဘဝကြီးပွားရေးအတွက် မိတ်ကောင်း၊ ဆွေကောင်း လိုအပ်တာပဲ။ ဘဝသံသရာဝဋ်က လွတ်မြောက်ဖို့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုဖို့ ဆိုတဲ့နေရာမှာလည်း မိတ်ကောင်းဆွေကောင်းဟာ လိုအပ်တာပဲ။

လောကီရေးကိစ္စမှာဖြစ်ဖြစ် လောကုတ္တရာရေးကိစ္စမှာဖြစ်ဖြစ် မိတ်ကောင်းဆွေကောင်းဟာ အင်မတန်မှ အရေးကြီးတဲ့ အခန်းကဏ္ဍများစွာ ရှိတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ကြီးပွားတိုးတက်ဖို့အင်္ဂါ(၂)ရပ်

မြတ်စွာဘုရားက ကြီးပွားတိုးတက်ဖို့အတွက် အင်္ဂါ(၂)ချက် ဖော်ပြထားတာရှိတယ်။

လောကသံသရာနှစ်ဖြာ ကြီးပွားရေးအတွက် (၁)မိတ်ကောင်းဆွေကောင်း ရှိရမယ်။ ဒါက အပြင်ဖက်ကအကြောင်းတရားလို့ခေါ်တယ်။ External Condition ပေါ့။ အပြင်ဖက်က အကြောင်းတရား။

နောက်တစ်ခုက (၂)ယောနိသောမနသိကာရ၊ မှန်မှန်ကန်ကန် နှလုံးသွင်းဆင်ခြင်တတ်မှု၊ ဒီအတွင်းအကြောင်းတရားလည်း လိုအပ်တယ်တဲ့။

အပြင်အကြောင်းတွေက ဘယ်လောက်ကောင်းကောင်း ယောနိသောမနသိကာရဆိုတဲ့ Internal Condition မကောင်းဘူးဆိုရင်လည်း ကြီးပွာတိုးတက်မှု မရနိုင်ဘူး။ အတွင်း၊အပြင် ဘက်စုံလိုအပ်တယ်လို့ မြတ်စွာဘုရားက ဟောတယ်။

## အတွင်းနဲ့အပြင်အကြောင်း(၂)ခု

နေရာတိုင်းနေရာတိုင်းမှာ မြတ်စွာဘုရားဟာ အကြောင်းကို နှစ်ခုနှစ်ခုဟောလေ့ ရှိပါတယ်။ သေသေချာချာသတိထားကြည့်ရင် သိနိုင်တယ်။ External Condition - Internal Condition အပြင်ဖက်က အကြောင်းတရား၊ အတွင်းဖက်က အကြောင်းတရား။

အတွင်းနဲ့အပြင် ဒီနှစ်ခုပေါင်းစပ်ပြီးမှ ထုတ်လုပ်လို့ ရတယ်။ ဒါ သိပ်သဘာဝကျတယ်။ လောကလည်း ဒီအတိုင်းပဲလေ။

ဆိုပါစို့..။ ဘုန်းကြီးတို့တစ်တွေ နေ့စဉ်စားနေတဲ့အစာအဟာရပဲ ကြည့်လေ။ ခန္ဓာကိုယ်ထဲက ကျန်းမာမှုဆိုတဲ့ ကံကြောင့်ဖြစ်တဲ့ ဩဇာလို့ခေါ်ရတဲ့ အာဟာရရုပ်က အခြေအနေကောင်းဖို့ လိုတယ်။

အပြင်ဖက်က စားလိုက်တဲ့အစာထဲမှာ ပါလာတဲ့ဗဟိဒ္ဓဩဇာ၊ အဲဒါကလည်း ကောင်းဖို့လိုတယ်။ အဇ္ဈတ္တဩဇာ Internal nutriment. ဗဟိဒ္ဓဩဇာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

External nutriment. အဲဒီနှစ်ခု ပေါင်းစပ်လိုက်တဲ့ အခါကျတော့မှ ခန္ဓာကိုယ်ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်တယ်။

ဒါကြောင့်မို့လို့ ''အပြင်အစားအစာလည်း လိုအပ်တယ်။ အတွင်းက ကျန်းမာရေးအခြေအနေ ကောင်းဖို့လည်း လိုအပ်တယ်''လို့ ကျန်းမာရေး အခြေအနေ မကောင်းတဲ့ပုဂ္ဂိုလ်ကို ဘယ်လောက်ဖိကျွေးနေနေ တိုးတက်လာမှာ မဟုတ်ဘူးနော်။

အေး·· အဲဒါကြောင့်မို့လို့ အတွင်းအပြင်ဆိုတာ နေရာတကာမှာ လိုအပ်တယ်ဆိုတာ အင်မတန်မှ လက်တွေ့ကျတယ်လို့ မြတ်စွာဘုရားကလည်း ဒီအတိုင်းဟောတာပဲ။ အပြင်ဖက်က ''မိတ်ကောင်းဆွေကောင်း'' ရှိရမယ်။ အတွင်းက ကိုယ်တိုင်က ''မှန်ကန်တဲ့ နှလုံးသွင်းတရား'' ရှိရမယ်။ အဲဒီနှစ်ခု ပေါင်းစပ်မိပြီဆိုရင် ကောင်းကျိုးချမ်းသာတွေ ရနိုင်တယ်။

အပြန်အားဖြင့် နားလည်ရမှာက အပြင်ဖက်က

မိတ်ကောင်းဆွေကောင်းမရှိဘူး မကောင်းတဲ့ မိတ်ဆွေ ရှိတယ်။ ကိုယ်ကိုယ်တိုင်ကလည်း ယောနိသော မနသိကာရလို့ခေါ်တဲ့ မှန်ကန်စွာ တွေးတောဆင်ခြင်တတ်မှု မရှိဘူးဆိုလို့ရှိရင် အကျိုးဆုတ်ယုတ်လိမ့်မယ်ပေါ့။

ဒါ မကောင်းကျိုးတွေကို ဖြစ်ဖို့ဟာလည်းပဲ အခြေခံဒီအကြောင်းတရားတွေပဲ။ ကောင်းတာတွေရဖို့ဟာလည်း အခြေခံအားဖြင့် ဒီအကြောင်းနှစ်ခုပဲ။ အတွင်းနဲ့အပြင်အကြောင်းတရား နှစ်ရပ်ပေါင်းစပ်ပြီးတဲ့ အခါကျတော့မှ ''မိစ္ဆာဒိဋ္ဌိဖြစ်မှု၊ သမ္မာဒိဋ္ဌိဖြစ်မှု''နဲ့ ပတ်သက် ပြီးတော့လဲ မြတ်စွာဘုရားက ဒီလိုပဲဟော ထားတာ ရှိတယ်။

## မိစ္ဆာဒိဋ္ဌိဖြစ်မှုနဲ့သမ္မာဒိဋ္ဌိဖြစ်မှု

နမူနာယူဖို့ရာအတွက် ကျယ်ကျယ်ပြန့်ပြန့် နားလည်ဖို့အတွက်ပါ လူတစ်ယောက် အတွေးအခေါ်တွေ များသွားအောင်၊ အယူအဆတွေ များသွားအောင် များယွင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တဲ့အတွေးအခေါ်တွေ ရသွားအောင် အကြောင်း ဘယ်နှစ်မျိုးရှိလဲ? ဆိုရင် (၂)မျိုး ရှိတယ်တဲ့။

နံပါတ်(၁)က "ပရတောဃောသ" တစ်ဖက်က ဟောပြောပို့ချတဲ့ အသံတွေက ဒါ အပြင်ဖက်က အကြောင်းတရားပဲ။ အတွင်းပိုင်းဆိုင်ရာ အကြောင်းတရားက(၂)"ယောနိသောမနသိကာရ" ကိုယ်တိုင်က မှန်မှန်ကန်ကန် ဆင်ခြင်နှလုံးသွင်းမှုမရှိဘူး အပြင်ဖက်ကလည်း မမှန်ကန်တဲ့ ဟောပြောချက်တွေကို နားထောင်ရတယ်။

ကိုယ့်ရဲ့ အတွင်းနှလုံးသွင်းမှုကလည်း မှန်ကန်မှုမရှိဘူးဆိုရင် ဒီပုဂ္ဂိုလ်က "မိစ္ဆာဒိဋ္ဌိ" ဖြစ်သွားတာပဲ။ ဒါ မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းအကြောင်းပဲ။ အတွင်းအကြောင်းနဲ့ အပြင်အကြောင်းတို့ အတူတူပဲ။ သမ္မာဒိဋ္ဌိမှန်ကန်တဲ့ အမြင်တစ်ခုရဖို့ဆိုတဲ့ နေရာမှာလည်း အတွင်းအကြောင်းနဲ့ အပြင်အကြောင်းနှစ်ခု ပေါင်းစပ်ထားတာပဲ။

"ပရတောဃောသ" မှန်မှန်ကန်ကန် ဟောပြော

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပို့ချတဲ့ တရားမွေအသံကို ကြားနာရတာက အပြင် အကြောင်း၊ ယောနိသောမနသိကာရ အသိဉာဏ်နဲ့ ဆင်ခြင်စဉ်းစားနိုင်မှုက အတွင်းအကြောင်း အဲဒီ အကြောင်းနှစ်ခု ပေါင်းစပ်လိုက်တဲ့အခါ သမ္မာဒိဋ္ဌိလို့ ခေါ်တဲ့ မှန်ကန်တဲ့ အမြင်တစ်ခု ရရှိလာနိုင်တယ်။

## အရှင်သာရိပုတ္တရာသောတာပန်ဖြစ်ပုံ

အရှင်သာရိပုတ္တရာမထေရ်မြတ် ရဟန္တာဖြစ် သွားတာပဲကြည့်ဦး။ သူ့ဖာသာသူဖြစ်သွားတာမဟုတ်ဘူး။ အရှင်သာရိပုတ္တရာအလောင်းဟာ မိတ်ကောင်းဆွေ ကောင်းမရလို့၊ ပင်ကိုယ်အနေအထားက အင်မတန် ဉာဏ် ထက်တဲ့ ပုဂ္ဂိုလ်ပဲ။ ရဟန်းဖြစ်လာမှ ဉာဏ်ထက်တာ မဟုတ်ဘူး၊ မွေးကတည်းက Intelligent. ဉာဏ် ပညာထက်တဲ့ ပုဂ္ဂိုလ်ပဲ။ သို့သော် အပြင်ဖက် အကြောင်း တစ်ခုလိုနေသည့်အတွက်ကြောင့် အမှန်တရားကို လိုက် ရှာတာ အတော်ကြာအောင် အမှန်တရားကို မတွေ့နိုင်ဘူး။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြည့်··ဘာကြောင့်လဲ။ အတွင်းအကြောင်း ရှိသော်လည်း အပြင်အကြောင်းတရားက အထောက်အပံ့ မပေးသေးဘူး။ အရှင်အဿဇိနဲ့ တွေ့တဲ့အခါကျတော့ ဗုဒ္ဓဝါဒကို အကျဉ်းချုပ်လေး ရှင်းပြလိုက်တယ်။

''ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော''

သဘာဝတရားတွေဟာ အကြောင်းကို အခြေခံ ဖြစ်တဲ့တရားတွေရဲ့ အကြောင်းရင်း အစစ်အမှန်ကိုလည်း မြတ်စွာဘုရားက ဟောတယ်။ အဲဒီအကြောင်းတရားတွေ ချုပ်ငြိမ်းသွားလို့ရှိရင် အကျိုးတရားတွေ ချုပ်ငြိမ်း သွားတယ်ဆိုတာလည်းပဲ မြတ်စွာဘုရားဟောတယ်။

ချုပ်ငြိမ်းတဲ့နည်းလမ်းတွေကိုလည်း ဟောတယ် လို့ သစ္စာလေးပါးကို အကျဉ်းချုပ်လေးပြောလိုက်တာ ''ဒုက္ခနဲ့ သမုဒယ'' ဒီ(၂)ခုလေး နာလိုက်ရတာနဲ့ ကြည့် ··အရှင်သာရိပုတ္တရာအလောင်းဟာ သောတာပန် ဖြစ်သွားတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

'ပရတောဃောသ' လို့ခေါ်တဲ့ မှန်ကန်တဲ့ တရားသံက ပြင်ပအကြောင်းတရား။ မိမိကိုယ်၌က အသိဉာဏ်ရှိတယ်၊ မှန်မှန်ကန်ကန် စဉ်းစားတတ်တယ်ဆိုတဲ့ '**ယောနိသောမနသိကာရ**' က အတွင်းအကြောင်းတရား။ External Conditionနဲ့ Internal Condition. အချိုးညီညီ ပေါင်းစပ်လိုက်တဲ့အခါ သောတာပန်အဆင့် ရောက်သွားတာ။ သံသယတွေ ကင်းသွားတယ်။ မှန်ကန်တဲ့ အမြင်တစ်ခု ရသွားတယ်။

အဲဒါဆိုလို့ရှိရင် မိတ်ကောင်းဆွေကောင်းဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ မထင်ရှားပေဘူးလား။

သံသရာခရီးမှာ လျှောက်လှမ်းနေကြတဲ့ ပုဂ္ဂိုလ်တွေအတွက် မိတ်ကောင်းဆွေကောင်းဆိုတာ အင်မတန်မှ အရေးကြီးတယ်။ မိတ်ကောင်းဆွေကောင်း အရေးကြီးသလို မိမိကိုယ်တိုင်ကလည်း ''**ယောနိသောမနသိကာရ**'' Wise attention.လို့ ခေါ်တဲ့ မှန်မှန်ကန်ကန်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စဉ်းစားတတ်မှုဆိုတဲ့ ကိုယ်ပိုင်အသိဉာဏ်ရှိဖို့ကလည်း လိုအပ် သေးတယ်နော်။ အဲဒီအခြေအနေနှစ်ရပ် ဟန်ချက်ညီညီ မိမိတို့သန္တာန်မှာ ရှိပြီဆိုလျှင် လောက ကြီးပွားရေးပဲ လုပ်လုပ်။ သံသရာကြီးပွား ရေးပဲလုပ်လုပ် နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ တရားဓမ္မပဲကျင့်ကျင့် ဒီပုဂ္ဂိုလ်ဟာ အောင်မြင်မှာ သေချာတယ်။

အဲဒီတော့ ဘုန်းကြီးတို့တစ်တွေက အကျိုးကို လိုချင်လို့ရှိရင် အကြောင်းကို ဆည်းပူးရတယ်။ အကျိုးကို မှန်းမျှော်ပြီးတော့ အကြောင်းတရားကို နား မလည်ဘူးဆိုရင် ရပါ့မလား?၊ မရဘူး။ အလင်းရောင် လိုချင်လို့ရှိရင် လျှပ်စစ်မီးဖြစ်စေ၊ ဖယောင်းတိုင်မီးဖြစ်စေ တစ်ခုခု ထွန်းရမယ်မို့လား။ အလင်းရောင်ကြီးပဲ ယူလို့ ရတာ မဟုတ်ဘူး။ အလင်းရခြင်းရဲ့အကြောင်းတစ်ခုကို ရှာဖွေရတာပဲ။

ထို့အတူပဲ ကောင်းကျိုးချမ်းသာကို ရချင် ပြီဆိုလို့ရှိရင် ကောင်းကျိုးချမ်းသာရနိုင်တဲ့ အကြောင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရားတွေ လုပ်ဖို့လိုတယ်။ မလုပ်ပဲနဲ့ ထိုင်နေ လို့တော့ ဘာမှ ဖြစ်မလာဘူး။

လောကလူတွေ ကြည့်လေ‥ မျက်စိက ကောင်းတာ၊ လှတာလေး၊ နှစ်သက်စရာလေး မြင်လိုက်လို့ရှိရင် **"ဟယ်‥ မင်္ဂလာရှိလိုက်တာ"** ပြောကြတယ် မို့လား။ နားက သာယာတဲ့အသံလေး ကြားလိုက်ရင်လဲ **"ဟယ်‥မင်္ဂလာရှိလိုက်တာ"**။ ဒါ‥ဒီကနေ့ လောကလူတွေ မြင်နေကြတဲ့မင်္ဂလာနော်။ မြတ်စွာဘုရားက အဲဒီလိုမဟုတ်ဘူး၊ ကောင်းတာလေး မြင်တာနဲ့ မင်္ဂလာရှိတယ်လို့ မဟောဘူး။

ကောင်းတဲ့အသံလေး ကြားရရုံနဲ့ မင်္ဂလာရှိတယ်လို့ မဟောဘူး။ မင်္ဂလာရှိတယ်ဆိုတာ လူမိုက်ကို မပေါင်းတာလဲ မင်္ဂလာရှိတယ်။ ပညာရှိလူသူတော်ကောင်းကို ပေါင်းသင်းဆက်ဆံတာလဲ မင်္ဂလာရှိတယ်လို့ဆိုတာ (၃၈)ဖြာ မင်္ဂလာတရားကို ဟောသွားတာ မှန်သမျှ အကြောင်းတရားတွေချည်းပဲ။ ဒါတွေလုပ်လို့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပြောတာနော်။ လုပ်ရမှာနဲ့ မလုပ်ရမှာ ဒီနှစ်ခုပဲ ပြောသွားတယ်။

"အာရတီ ဝိရတီ ပါပါ ၊
မဇ္ဇပါနာစ သံယမော"

မလုပ်ရမယ့်ဟာတွေကို ပြောထားတာနော်။ အာရတီ ဝိရတီ ပါပါ- မကောင်းတာတွေ ရှောင်တဲ့။ မဇ္ဇပါနာစ သံယမော- အရက်သေစာ,ဘီယာ၊ ဒါတွေ မသောက်နဲ့တဲ့။

ဟော··ကိုယ်က ဒါတွေ မဖြတ်နိုင်ဘူး။ မင်္ဂလာရှိပါ့မလား?၊ မရှိနိုင်ဘူး။ မင်္ဂလာဆိုတာဘာလဲဆိုရင် ဘဝမှာ အောင်မြင်ကြီးပွားမှုနဲ့. ချမ်းသာသုခရရှိမှုက မင်္ဂလာပဲ။ အဲဒီမင်္ဂလာတွေကို ရချင်ရင် မင်္ဂလာရကြောင်းတရားတွေကို ဆည်းပူးအားထုတ်ပါလို့ ပြောချင်တယ်။ ခုဒီမှာလဲပဲ မိတ်ကောင်းဆွေ ကောင်းဆိုတာ အကြောင်းတရားတစ်ခုပဲ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## မိတ်ကောင်းဆွေကောင်းရဲ့ တန်ဖိုး

မိတ်ကောင်း၊ဆွေကောင်းနဲ့ ပတ်သက်ပြီးတော့ တစ်ခါတုန်းက.. သံယုတ္တနိကာယ်၊ သုတ္တန်တစ်ခုမှာ အရှင်အာနန္ဒာ မထေရ်မြတ်က စဉ်းစားကြည့်တယ်။ အရှင်အာနန္ဒာ စဉ်းစားပုံက လောကလူတွေ စဉ်းစားပုံနဲ့ တူတယ်။ လောကလူတွေ စဉ်းစားတာ ဘယ်လို စဉ်းစားလဲဆိုရင် အေး.. ဆရာသမားကလည်း သင်တာပဲ။

ဒါပေမဲ့ ငါကိုယ်တိုင်လည်း ကြိုးစားတယ်၊ အဲဒီတော့ ဆရာသမားရဲ့ အထောက်အပံ့က (၅၀)ရာခိုင်နှုန်း။ ငါကိုယ်တိုင် ကြိုးစားတာက (၅၀)ရာခိုင်နှုန်း။ ငါ့ရဲ့အောင်မြင်ကြီးပွားမှုမှာ ဆရာနဲ့ ငါဟာ (၅၀+၅၀) ပဲလို့ ဒီလိုပြောတာ။ မပြောဘူးလား။ ဒီလိုပြောလေ့ရှိကြတယ်နော်။ အရှင်အာနန္ဒာလည်း ဒီလိုတွေးတယ်။

တစ်ခါတုန်းက အရှင်အာနန္ဒာတွေးတာဟာ လောကလူသားတွေ တွေးပုံနဲ့ သွားတူတယ်။ သူဘယ်လို လျှောက်လဲဆိုတော့ မြတ်စွာဘုရားကို အရှင်ဘုရားတဲ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

''ဟောဒီ ဗြဟ္မစရိယ-မြတ်သောအကျင့် ကျင့်နိုင်ဖို့၊ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုဖို့ဆိုတဲ့ ကိစ္စမှာ ကလျာဏမိတ္တဆိုတဲ့ မိတ်ကောင်းဆွေကောင်းဟာ တစ်ဝက်လောက် အကျိုးပြုနိုင်ပါတယ်တဲ့။ ဘုရားကို လျှောက်တယ်။ (၅၀)ပဲ။ ရာနှုန်းအပြည့် မဟုတ်ဘူး၊ ရာနှုန်း(၅၀)။

သူက တွေးတယ်လေ.. ဆရာသမားတွေက သင်ပေးတယ်၊ ရာနှုန်း (၅၀)။ ငါကိုယ်တိုင်ကြိုးစားတာက ရာနှုန်း(၅၀)တဲ့၊ ဒီလိုတွေးတယ်။ ဒါက လောက လူသားတွေ တွေးတဲ့အတွေးပဲ။

## မိတ်ဆွေကောင်းတန်ဖိုးရာနှုန်း(၁၀၀)

အရှင်အာနန္ဒာက အဲဒီလိုလျှောက်တော့ မြတ်စွာဘုရားက မိန့်တယ်။ **''အာနန္ဒာ၊ အဲဒီလို မပြောနဲ့''**တဲ့ **''မင်းပြောတာ မမှန်ဘူး၊ မဟုတ်ဘူး''**တဲ့။

မြတ်သောအကျင့်ကို ကျင့်ပြီးတော့ ထူးခြားတဲ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရားမွေကို ရတယ်ဆိုတဲ့ဟာ ရာနှုန်း(၁၀၀)အပြည့်။ မိတ်ကောင်းဆွေကောင်းရဲ့ အကျိုးပြုမှုပဲတဲ့။

မိတ်ကောင်းဆွေကောင်းက ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိသာပါတယ်။ မြတ်စွာဘုရားက ဘာအထောက်အထားပြတုန်းဆိုလို့ရှိရင် ''**ကဲ..မင်းစဉ်းစားကြည့် အာနန္ဒာ၊ ငါဘုရား မပွင့်ဘူးဆိုလို့ရှိရင် အခုလိုတရားတွေ သိခွင့်ရပါ့မလား**''။ မရပါဘူး။

ဘုရားပွင့်လို့၊ တရားဟောလို့ ဒါတွေကို သိရတာဆိုတော့ ဒီသိရတဲ့အသိအားလုံးဟာ အကုန်လုံး ဘုရားအပေါ်မှာ ရာနှုန်းအပြည့်လို့ ဆိုလိုတာနော်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ဟာလည်း ကြည့်လေ.. သူကိုယ်တိုင်၊ မသေရာတရားကို လိုက်ရှာနေတာပဲ။ သို့သော် မိတ်ကောင်းဆွေကောင်းကို ရှာမတွေ့နိုင်သည့်အတွက်ကြောင့် '**အမတ**'ဆိုတဲ့ တရားကို ရှာတာရှာလို့မတွေ့ဘူး။ အရှင်အဿဇိနဲ့ တွေ့တဲ့အခါကျမှ ''**အမတ**''တရားတော်ကို တွေ့တယ်။ ဒါဟာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရာနှုန်းပြည့် အရှင်အာသဇိရဲ့ အကျိုးပြုမှုပဲပေါ့။

အကယ်၍ အရှင်အဿဇိ မပါဘူးဆိုလို့ရှိရင် လုံးဝမသိနိုင်ဘူးပေါ့။ အဲဒီတော့ မြတ်စွာဘုရားက·· မိတ်ဆွေကောင်းဟာ ရာနှုန်းပြည့်အကျိုးပြုတယ်လို့ အရှင်အာနန္ဒာကို ဟောတော်မူတယ်။

ငါဘုရား မပွင့်ဘူးဆိုလို့ရှိရင်တဲ့ ငါဘုရားရဲ့ တရားမနာရလို့ရှိရင် သံသရာဝဋ်ဆင်းရဲထဲမှာ ဒုက္ခရောက်နေကြတဲ့ပုဂ္ဂိုလ်တွေ ဇာတိတရားကလည်း မလွတ်နိုင်ဘူး။ မရဏတရားကလည်း မလွတ်နိုင်ဘူး။ ဘုရားပြောကြားတဲ့ တရားကို နာရတဲ့အတွက်ကြောင့် ရာနှုန်းပြည့် အကျိုးပြုပါတယ်။ သုတ္တန်တစ်ခုမှာ အရှင်သာရိပုတ္တရာက ဒီစကားမျိုးကို မြတ်စွာဘုရားကို လျှောက်ဖူးတယ်။

အရှင်သာရိပုတ္တရာဆိုတာကတော့ မြတ်စွာဘုရားပြီးရင် ဉာဏ်ပညာ အထက်ဆုံးပုဂ္ဂိုလ်။ သူမြင်တာက မြတ်စွာဘုရားမြင်သလိုပဲမြင်တယ်။ လောကလူသားတွေလို မမြင်ဘူး။ ''မြတ်သောအကျင့်ကို ကျင့်ဖို့

တရားထူးတရားမြတ်ရဖို့ဆိုတဲ့နေရာမှာ ကလျာဏမိတ္တ ဟာ လုံးဝရာနှုန်းပြည့် အကျိုးပြုပါတယ်ဘုရား''လို့ မြတ်စွာဘုရားကို လျှောက်တော့..မြတ်စွာဘုရားက ''မှန်တယ်''လို့ ဒီလိုပြောတာ သုတ္တန်(၂)ခု ရှိတယ်။

အဲဒါကို ထောက်လိုက်မယ်ဆိုလို့ရှိရင် နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့အရေးဟာ ကလျာဏမိတ္တဆိုတဲ့ မိတ်ကောင်းဆွေကောင်းရှိဖို့ ဘယ်လောက်အရေးကြီးသလဲ။ အင်မတန်မှ အရေးကြီးတယ်လို့ ပြောပါတယ်နော်။

အဲဒီလို..နိဗ္ဗာန်ချမ်းသာလို လက်လှမ်းမမှီတဲ့ သံသရာဝဋ်က လွတ်မြောက်တဲ့ ချမ်းသာသုခမျိုးတောင် ကလျာဏမိတ္တဟာ အရေးကြီးသေးတယ်။

ဒီလောက်အရေးပါတဲ့ကိစ္စတောင် ကလျာဏမိတ္တ ပါရသေးတယ်။ သာမာန်လောကီရေးကိစ္စတွေမှာလည်း ကလျာဏမိတ္တက အကျိုးပြုမယ်ဆိုတာ အင်မတန်မှ ထင်ရှားတယ်။ ဒါကြောင့်မို့လို့ မိတ်ကောင်းဆွေကောင်းရှိဖို့ လိုတယ်။ မိတ်ကောင်းဆွေကောင်းရှိဖို့လိုတယ် ဆိုတာ

အားလုံးက လက်ခံတယ်။ မိတ်ကောင်းဆွေကောင်း ပေါင်းသင်းရမယ်လို့ အသိဉာဏ်ရှိတဲ့လူတိုင်းက လက်ခံတယ်။

သို့သော် ကိုယ်ပေါင်းနေတဲ့ မိတ်ဆွေသည် **"တကယ်မိတ်ကောင်းလား၊ဆွေကောင်းလား"**? ဆိုတာ လူတိုင်း မသိနိုင်ဘူး။ မိတ်ကောင်းထင်ပြီး ပေါင်းသင်း ဆက်ဆံနေကြတာတွေ အများကြီးရှိတယ်နော်။

မိတ်ကောင်းဆွေကောင်း မဟုတ်ဘူး။ သို့သော် ကိုယ်က မိတ်ကောင်းဆွေကောင်း ထင်နေတယ်။ **"မိတ်ဆွေဆိုတာ အားကြီးတဲ့မှီရာအကြောင်းတစ်ခုပဲ။ ဥပနိဿယပစ္စယော"** လို့ မြတ်စွာဘုရားက ဟောထား တာရှိတယ်၊ အားကြီးတဲ့မှီရာ တစ်ခုပဲ။

အေး‥မိတ်ကောင်းဆွေကောင်းနဲ့ ပတ်သက်လို့ မြတ်စွာဘုရားက ထိုထိုသုတ္တန်တွေမှာ ဟောထားတာ ရှိတယ်။ အဲဒီထိုထိုသုတ္တန်တွေမှာ ကြည့်လိုက်မယ်ဆို လို့ရှိရင် မိမိတို့အနေနဲ့ မိတ်ကောင်းဆွေကောင်း ကို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရွေးတတ်လာပါလိမ့်မယ်။ အဲဒီသုတ္တန်တွေကို ဖတ်ရှုလေ့လာခြင်း၊ နာယူမှတ်သားခြင်းဖြင့် “တို့ရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ ပုဂ္ဂိုလ်တွေဟာ တို့အတွက် မိတ်ကောင်းဆွေကောင်းလား”။

လူတွေက ကိုယ်ကသာ မိတ်ကောင်းဆွေကောင်းရှာတယ် ဆိုလို့ရှိရင် ကိုယ်ကိုယ်တိုင်ကကော တဖက်သားရဲ့ မိတ်ကောင်းဆွေကောင်းဖြစ်အောင် မလုပ်သင့်ဘူးလား?၊ လုပ်သင့်တယ်နော်။

အေး‥ အဲဒီအပိုင်းကို မေ့မနေကြနဲ့။ ကိုယ်ကတော့ မိတ်ကောင်းဆွေကောင်းနဲ့ ပေါင်းသင်းချင်တယ်။ ကိုယ်ကိုယ်တိုင်ကလည်း မိတ်ဆွေကောင်းဖြစ်ရမယ်။ ကိုယ်ပေါင်းတဲ့ပုဂ္ဂိုလ်ကလည်း မိတ်ကောင်းဆွေကောင်း ဖြစ်ရမယ်။ ဟုတ်ရဲ့လား။ Associate ဆိုတာ ပေါင်းသင်းဆက်ဆံရေးဆိုတာ တဖက်သက်ကြည့်လို့ မရဘူး။

နှစ်ဖက်စလုံး ကြည့်ရတယ်။ နှစ်ဖက်စလုံး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြည့်လိုက်လို့ရှိရင် ကိုယ်ကိုယ်တိုင်ကလည်း မိတ်ကောင်းဆွေကောင်း ဖြစ်ရမယ်။ ကိုယ်ပေါင်းတဲ့ မိတ်ဆွေကလည်း မိတ်ကောင်းဆွေကောင်း ဖြစ်ရတယ်။

## မိတ်ကောင်းဆွေကောင်းအကဲခတ်နည်း

ထိုပုဂ္ဂိုလ်ရဲ့မိတ်ကောင်းဆွေကောင်းဆိုတာနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက အင်္ဂုတ္တရနိကာယ်မှာ မိတ္တသုတ်ဆိုပြီး ဟောထားတာရှိတယ်။ အဲဒီထဲမှာ ပေါင်းထိုက်တဲ့ မိတ်ဆွေကောင်းရဲ့ သွင်ပြင်လက္ခဏာ၊ မိတ်ကောင်းဆွေကောင်းဆိုတာ၊ လူဆိုးလူကောင်းဆိုတာ ရုပ်ပုံကြည့်ရုံနဲ့ သိပါ့မလား။ မသိဘူး အပေါ်ယံ ကြည့်ရုံနဲ့ မသိနိုင်ဘူး။

ဒါကြောင့်မို့ ငယ်ငယ်တုန်းကပြောကြတယ်။ မင်း လူဆိုးဆိုတာ ''ချို''နဲ့မှ မဟုတ်တာ ဘယ်သိမလဲ ''ချို''ပေါက်နေရင်တော့ သိရင်သိမယ်။

ဒါကြောင့်မို့လို့ လူမြင်ရုံနဲ့ ဒီလူဟာ လူဆိုးလား၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လူကောင်းလားဆိုတာ သိလို့မရဘူး။ ဘာနဲ့သိရတုန်း ဆိုရင် သူ့ရဲ့ လုပ်ရပ်ပေါ် မူတည်ပြီးတော့ သိရတယ်။ သူလုပ်တဲ့လုပ်ရပ်ပေါ်မှာ ကြည့်ပြီးတော့ ဒီလူဟာ လူဆိုးလား၊ လူကောင်းလားဆိုတာ ခွဲခြားသိတယ်။

အဲဒီတော့ မိတ်ကောင်းဆွေကောင်းနဲ့ ပတ်သက်ပြီးတော့ အကဲခတ်လို့ရတဲ့အခြေအနေလေးတွေကို မြတ်စွာဘုရားက ဟောထားတာရှိတယ်။

နံပါတ်(၁)က ''ဒုဒ္ဒဒံ ဒဒါတိ''တဲ့။ လွှတ်ပြီးတော့ ပေးတတ်လို့ရှိရင် ဒါမိတ်ကောင်းဆွေကောင်းပဲ။ (၂)''ဒုက္ကရံ ကရောတိ'' သာမန်ပုဂ္ဂိုလ်တွေလုပ်ဖို့ မလွယ်နိုင်ဘူး။ လုပ်နိုင်ခဲတဲ့အရာကိုပဲ လုပ်ပေးတယ် ဆိုလို့ရှိရင် မိတ်ကောင်းဆွေကောင်းပဲတဲ့။ ဒါဟာ ဘယ်လောက်ခဲယဉ်းတယ်ဆိုတာတော့ အတိုင်းအတာ တစ်ခု ရှိတာပေါ့နော်။

နောက်တစ်ခုက (၃)''ဒုက္ခမံ ခမတိ''တဲ့။ တကယ့်သည်းခံနိုင်ခဲတဲ့အရာ သာမန်ပုဂ္ဂိုလ်တွေ သည်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မခံနိုင်ဘူး။ သည်းခံနိုင်တဲ့အရာကိုပဲ သည်းခံတတ်တယ်ဆိုရင် ဒါမိတ်ကောင်းဆွေကောင်းပဲ။ မိတ်ကောင်းဆွေကောင်းနဲ့ပတ်သက်ပြီးတော့ ဒီမိတ္တသုတ်မှာ မြတ်စွာဘုရားက အင်္ဂါရပ်ကလေးတွေကို ထုတ်ပြီးတော့ ဟောထားတာ။

နောက်··ဒုက္ခရောက်လာတဲ့အခါမှာ စွန့်ပြီးတော့မသွားရဘူး၊ အဲဒါလည်း မိတ်ကောင်းဆွေကောင်းပဲ။ အခု လောကမှာ အများဆုံးက ရာထူးလေးရှိရင် ပေါင်းကြတယ်။ ပိုက်ဆံလေးရှိရင် ပေါင်းကြတယ်။ ရာထူးလဲကျသွားရော မမြင်ချင်ယောင် ဆောင်သွားရော။ ဆင်းရဲမွဲတေ၊ ဒေဝါလီခံသွားတာနဲ့ တစ်ပြိုင်နက် မမြင်ချင်ယောင်ဆောင်သွားတယ်။ ဟုတ်ကဲ့လား··။

အဲဒီအနေအထားမျိုးဆိုတော့ လူအများစုကိုပြောတာပါ။ အများစုသည် ရာထူးကိုပေါင်းတာ။ အများစုသည် ငွေကြေးနေကို ပေါင်းတာ။ ဒီပုံစံမျိုးဖြစ်တယ်ပေါ့။

ဒါလောကကြီးရဲ့ သဘာဝကိုက ဒီအတိုင်းပဲ။ အဲဒီလို မိတ်ကောင်းဆွေကောင်း ဖြစ်ဖို့ဆိုတာ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အင်မတန်မှ အရေးကြီးတယ်။ ကိုယ်တိုင်ကလည်း မိတ်ကောင်းဆွေကောင်းဖြစ်ဖို့လိုတယ်။

(၄)''အာပဒါသု န ဇဟာတိ'' ဒုက္ခရောက်နေတဲ့အချိန်မှာ စွန့်ပြီးမသွားဘူးတဲ့။ အဲ့ဒါ မိတ်ကောင်းဆွေကောင်းကို ပြောတာ။

## မိတ်ဆွေကောင်းမပီသသူကိုမပေါင်းနဲ့

ငယ်ငယ်တုန်းက ပုံပြင်လေးတစ်ခု ဖတ်ရတယ်။ အင်မတန်မှ မှတ်သားစရာကောင်းတဲ့ ပုံပြင်လေးတစ်ခုပဲ။ သူငယ်ချင်းနှစ်ယောက် တောအုပ်ကြီးတစ်ခုကို ဖြတ်သန်းသွားတယ်။ တစ်ယောက်က လက်နက်ပါလာတယ်။ တစ်ယောက်က မပါဘူး။ လက်နက်ပါတဲ့လူက ဘာပြောလဲဆိုတော့ ဒီနေရာမှာ ဆင်ပဲတွေ့တွေ့၊ ကျားပဲတွေ့တွေ့၊ ဘာကောင်ပဲတွေ့တွေ့ ငါကာကွယ်နိုင်တယ်ပေါ့။ ဘယ်အကောင်မှ မကြောက် ဘူးတဲ့။ သူက ဒီလိုပြောတယ်။ ပြောလို့မှ မဆုံးသေးဘူး၊ လမ်းကွေ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တစ်ကွေ့မှာ ဝက်ဝံကြီးက ဘွားကနဲ ပေါ်လာတယ်။ ဝက်ဝံကြီးကိုလည်း တွေ့လိုက်ရော အဲဒီလူက သစ်ပင်ပေါ် တက် ပြေးပါလေရော။ လက်နက် မပါတဲ့သူငယ်ချင်းကို ဒီအတိုင်း ပစ်ထားခဲ့ပြီး ကိုယ်လွတ်ရုန်း ထွက်ပြေး သွားတယ်။

သူငယ်ချင်းလုပ်တဲ့သူက တိမ်းဖို့ အချိန်မရ တော့ဘူး။ အဲဒီတော့ သူ့အသက်ကို သူကာကွယ်တဲ့အနေ နဲ့လှဲပြီးတော့၊ အိပ်လိုက်ပြီးတော့ အသက်မရှူအောင် ချုပ်ပြီး အသေယောင်ဆောင်ပြီး နေလိုက်ရတယ်။ ပြေးဖို့ အချိန်မရလိုက်ဘူး။ အဲဒီအချိန်မှာ ဝက်ဝံကြီးက အနားနား လာပြီးတော့ ခေါင်းကို လျှာနဲ့လျက်တယ်။ ဟိုနမ်းဒီနမ်း လုပ်တယ်ပေါ့။ အဲဒါ မလှုပ်ရဲဘူး။ အသက်လည်း မရှူ ရဲဘူး၊ငြိမ်နေရတယ်။ လှုပ်လိုက်ရင်တော့ ကိုက်မှာ သေချာတယ်။

အဲဒီလို ငြိမ်နေတဲ့အခါကျတော့ ဝက်ဝံကြီးက လက်နဲ့ ဟိုဘက်ကပုတ်ကြည့် ဒီဘက်ကပုတ်ကြည့်၊

အသေကြီးပဲဆိုပြီးတော့ ဝက်ဝံကြီးက သူ့လမ်းသူ လျှောက်သွားတယ်။ ဝက်ဝံကြီး ထွက်သွားပြီဆိုတော့မှ ဟိုသေနတ်နဲ့ကောင်က သစ်ပင်ပေါ်က ဆင်းလာတယ်။ ဆင်းလာပြီးတော့ ''သူငယ်ချင်း၊ မင်းကို ဝက်ဝံကြီးက တိုးတိုးတိုးတိုးနဲ့ ဘာပြောသွားတာတုန်း''မေးသတဲ့။ ဟိုလူက ပြောတယ် ''အေးဝက်ဝံကြီးက ငါ့နားနား ကပ် ပြောသွားတာ မိတ်ဆွေသူငယ်ချင်းမပီသတဲ့ ကောင်မျိုးကို နောင်ဘယ်တော့မှ မပေါင်းနဲ့တဲ့'' အဲဒီလို ပြောသွားတယ်။

အရေးကြုံလာပြီဆိုရင် နှစ်ဦးပူပေါင်းပြီး ခုခံမယ် မလုပ်ဘဲနဲ့ **''အဲဒီလို ကိုယ်လွတ်ရုန်းသွားတဲ့ အကောင် မျိုးကို ဘယ်တော့မှ မပေါင်းနဲ့''**လို့ ဝက်ဝံကြီးက သူ့ကို မှာသွားတယ်လို့ ပြောသတဲ့။

**''အာပဒါသု န ဇဟာတိ''** ဒုက္ခကြုံလာတဲ့ အခါမှာ စွန့်ပြီးတော့သွားတာမျိုး မဖြစ်ရဘူးတဲ့။ အဲဒါ မိတ်ကောင်းဆွေကောင်းပဲ။ ဘုရားဟောထားတဲ့ မိတ် ကောင်းဆွေကောင်းပါပဲ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ပေါင်းရမယ့် ဆရာသမားကောင်း

အေး‥ ဆရာသမားတွေနဲ့ ပတ်သက်ပြီး ပေးထားတဲ့ မိတ်ကောင်းဆွေကောင်း အင်္ဂါရပ်တွေက ဘာတုန်းဆိုရင် -

''ပိယော ဂရု ဘာဝနီယော၊
ဝတ္တာ စ ဝစနက္ခမော''

အင်မတန်မှ အရေးကြီးတယ်။ ဆရာထင်ပြီး ကိုးကွယ်မယ်ဆိုရင် အဲဒီအရည်အသွေးတွေ ရှိ/မရှိ ကြည့်ရမယ်တဲ့။ မိတ်ကောင်းဆွေကောင်းဆိုတာ

(၁) ''ပိယော'' ချစ်ခင်လေးစားလောက်တဲ့ သီလ၊သမာဓိ၊ပညာအရည်အသွေးတွေ ရှိရမယ်။ ချစ်ခင်အပ်တဲ့အနေအထားမျိုးရှိရဲ့လား။

(၂)''ဂရု'' လေးစားလောက်တဲ့ ကိုယ်ကျင့်တရားရှိရဲ့လား။

(၃)''ဘာဝနီယ''ချီးမွမ်းလောက်တဲ့ ကိုယ်ကျင့်တရားရှိရဲ့လား။ (သို့မဟုတ်) မေတ္တာဘာဝနာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပွားတဲ့ မေတ္တာစိတ်ခါတ် ထားတာရှိရဲ့လား။

(၄)''ဝတ္တာ''မကောင်းရင်လည်း ပွင့်ပွင့်လင်းလင်းပြောတတ်တယ်၊ ဆုံးမတတ်တယ်။ အကြံပေးတတ်တဲ့၊ ပုဂ္ဂိုလ်ဟုတ်ရဲ့လား။

(၅)''ဝစနက္ခမော'' အပြစ်တွေ့လို့ သူ့ကို သတိပေးပြောကြားရင်လည်း လက်ခံတဲ့ ပုဂ္ဂိုလ်ဟုတ်ရဲ့လား။ တချို့က သူများကိုတော့ ကိုယ်က ဆုံးမတတ်တယ်။ ကိုယ်ကို ဆုံးမရင်တော့ ဘာပြောလဲ ''လျှာမရှည်နဲ့တဲ့'' ဟုတ်လား။ ကိုယ့်ကို လာပြောရင် မကြိုက်တဲ့လူက ပိုများတယ်နော်။ အဲဒါမျိုး မဖြစ်စေရဘူးတဲ့။

''ဝတ္တာ''ကိုယ်ကလည်း ဆုံးမတတ်ရမယ်။ ''ဝစနက္ခမော'' သူက ပြောလို့ရှိရင်လည်း လက်ခံတာ ရှိရမယ်။ အဲဒီအချက်က အင်မတန် ခက်ဘာယ်။ ဘာဖြစ်လို့ခက်တာတုန်းဆိုရင် လူတွေမှာ မာနရှိတယ်။ မာနရှိသည့်အတွက်ကြောင့် ကိုယ့်ထက် ငယ်တဲ့ပုဂ္ဂိုလ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကပြောရင် လက်မခံဘူး။ ကိုယ့်အောက်လူက ပြောလို့ ရှိရင် ရန်သူပဲ။

## အရှင်သာရိပုတ္တရာရဲ့စိတ်ဓာတ်

ဒီနေရာမှာ အရှင်သာရိပုတ္တရာရဲ့စိတ်ဓာတ်ဟာ အင်မတန်မှ အတုခိုးစရာ ကောင်းတယ်။ ပညာရှိ ပီသတယ်ပေါ့။ ဘယ်လို ပညာရှိပီသတုန်းဆိုရင် အရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ တစ်ခါတုန်းက သင်္ကန်းရုံထားတာလေးက မညီမညာ တွဲလောင်းလေးကျနေတော့ ကိုရင်လေးတစ်ပါးက လျှောက်တယ်တဲ့။

''**အရှင်ဘုရား သင်္ကန်းလေး ဟောဒီမှာ တွဲလောင်းလေးကျနေတယ်**''ဆိုတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်က ကိုရင်လေးပြောတဲ့ အတိုင်းဟုတ်နေတော့ သူ့သင်္ကန်းလေးကို သူပြင်ရုံပြီး လက်အုပ်လေးချီပြီး ''**ညီသွားပါပြီလား**''လို့ ပြောတယ်တဲ့။

ကျေးဇူးတင်တယ်ကိုရင်၊ ကျေးဇူးတင်တယ်လို့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကိုရင်ပေါက်စလေးက ပြောတာ သတိပေးတာကို လက်ခံတယ်။ လက်ခံပြီးတော့ သံဃာပရိသတ်ကြားထဲမှာ ဘာပြောလဲဆိုရင်-

**''ဒီကနေ့မှာ ကိုရင်ဖြစ်လာပြီး အသက်အရွယ်ကလည်း ခုနစ်နှစ်ပဲ ရှိသေးတယ်၊ အဲဒီကိုရင်ဝတ်စ ခုနစ်နှစ်အရွယ် ကိုရင်လေးက သူ့ကို ဆုံးမဩဝါဒပေးမယ်ဆိုရင် ဦးထိပ်ပန်ဆင်ပါ့မယ်''**လို့ ဒီလို ပြောတာနော်။ ဒါ..စံနမူနာယူရမှာပဲ။

အဲဒီတော့ မိတ်ကောင်း ဆွေကောင်းကို အင်မတန် တန်ဖိုးထားတယ်ဆိုတဲ့ အဓိပ္ပာယ် ပေါ်တယ်ပေါ့။ အေး..ကောင်းပြီ **''ဝတ္တာ ဝစနက္ခမ''** သူများက ဆုံးမရင်လည်း လက်ခံနိုင်ရမယ်။ အဲဒီလက်ခံ နိုင်တာလည်းပဲ မိတ်ကောင်းဆွေကောင်းရဲ့ အင်္ဂါရပ်ပဲ။

နောက်တစ်ခုက (၆)**''နောစ ဋ္ဌာနေ နိယောဇကော''** သူများကို ချောက်မတွန်းရဘူး။ များသောအားဖြင့် လူတွေက ကိုယ်လွတ်ရုန်းပြီးတော့ သူများကို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ချောက်တွန်းတတ်တဲ့ အလေ့အထလေးရှိတယ်ပေါ့။ ချောက်တွန်းတယ်ဆိုတာ မကောင်းမှုန်းသိရဲ့သားနဲ့ တွန်းပို့တာမျိုးပေါ့။

အဲဒါမျိုးလည်းမလုပ်ဘူးဆိုတဲ့ ဆရာသမားမျိုးကို ရွေးပြီးတော့ ကိုးကွယ်ပါတဲ့။ "**ပိယော ဂရု ဘာဝနီယော ဝတ္တာစ ဝစနက္ခမော**" အဲဒီပုဂ္ဂိုလ်မျိုးကို ကိုးကွယ်ပါ။ ထို့အတူပဲ လောကမှာလည်း အဲဒီမိတ်ဆွေတွေ ရှိတယ်။

## မပေါင်းသင်းရမယ့် မိတ်ဆွေတု(၄)ယောက်

အဲဒီမိတ်ဆွေဆိုတဲ့အထဲမှာ ပထမ- မိတ်ဆွေ မဟုတ်ဘဲနဲ့ မိတ်ဆွေယောင်ထင်နေရတဲ့ ပုဂ္ဂိုလ်မျိုးက (၄)မျိုးရှိတယ်၊ လေးယောက်ရှိတယ်။

ဒါကို မြတ်စွာဘုရားက သိင်္ဂါလောဝါဒ သုတ္တန်မှာ သိင်္ဂါလသူတို့သားကို ဆုံးမဩဝါဒပေးတဲ့ အနေနဲ့ ဟောထားတာရှိတယ်။ "မိတ္တပတိရူပက" တဲ့။

လောကမှာ ရွှေအစစ်ကိုတုထားတဲ့ ရွှေတုရှိသလို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မိတ်ဆွေအစစ်ကိုတုနေတဲ့ မိတ်တွေအတုရှိသေးတယ်။ ဒါသတိထားရမယ်၊ သတိထားဆိုတာ ကိုယ်တိုင်ကလည်း မိတ်ဆွေတု မဖြစ်စေနဲ့။ ကိုယ်ပေါင်းတဲ့ ပုဂ္ဂိုလ်ကလည်းပဲ မိတ်ဆွေအတု မဖြစ်စေရဘူး။

အဲဒီတော့ မိတ်ဆွေအတု ဆိုတာဘာလဲတဲ့?။ မြတ်စွာဘုရားက သုံးထားတာ "**မိတ္တပဋိရူပက**"တဲ့။ မိတ်ဆွေအတုလို့ဆိုကထဲက မိတ်ဆွေမဟုတ်ဘူးတဲ့။

အတုဆိုတာ အစစ်မဟုတ်ဘူးတဲ့နော်။ မိတ်ဆွေအတုက ပါဠိလို (၁)"**အညဒတ္ထုဟရ**"တဲ့။ အညဒတ္ထုဟရဆိုတာ ကိုယ့်ဖက်က တစ်ဖက်သတ် ကိုယ်ပေါင်းသင်းတဲ့ပုဂ္ဂိုလ်ထံကနေပြီးတော့ ဘာဖြစ်ဖြစ် သူကရအောင် ယူတတ်တယ်နော်။ ဟိုဟာလေး တောင်းမယ်၊ ဒါလေးတောင်းမယ်၊ ဒါလေးယူမယ်၊ ဟိုဟာလေး ယူမယ်၊ အမြဲတမ်း ရအောင်ယူတတ်တယ်။ အဲဒါကို အညဒတ္ထုဟရတဲ့။ သူကချည်းပဲ ယူသွားတာ အဲဒီလို မိတ်ဆွေမျိုးကလည်း လောကမှာရှိသေးတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နဲနဲပါးပါးလေးပေးပြီးတော့ များများယူသွားတာ ဟင်းလေး တစ်ခွက်လာပေးပြီးတော့ များများယူသွားတာ။ ဟင်းလေး တစ်ခွက် လာပေးပြီးတော့ ဆန်တစ်ပြည်လောက် ယူသွား တာ ဟုတ်လား။ ကိုယ့်ဆီက များများယူသွားတာ၊ သူက ပေးတော့ နဲနဲလေးပေးတယ်။ အဲဒီလိုပေးမှလည်း များများ ရမှာကိုး။ အဲဒီတော့ ''အညဒတ္ထုဟရ'' လောကမှာ ရှိတယ်။

လူတွေဟာ နဲနဲလေးပေးပြီးတော့ များများရ အောင်ယူသွားတယ်။ ''သူကိုယ်တိုင် ဒုက္ခရောက်နေပြီ ဆိုလို့ရှိရင် အကူအညီရဖို့အတွက် တစ်ဖက်သားကို သိပ်ကျိုးနွံတယ်။ တစ်ဖက်သားကို သနားလာအောင် ပေါင်းတတ်တယ် ''အညဒတ္ထုဟရ''မိတ်ဆွေတု။

သူဒုက္ခရောက်နေတဲ့ အချိန်ဆိုလို့ရှိရင် ''အစ်ကို ကြီး၊ အားကိုးပါတယ်။ အစ်မကြီး အားကိုးပါတယ်''နဲ့ ကျလောက်အောင်ပြောပြီးတော့ ပေါင်းတတ်တယ်။ အညဒတ္ထုဟရမိတ်ဆွေ။ သူ့အကျိုး သူမျှော်ပြီးတော့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အမြဲတမ်း အပေါင်းအသင်းမိတ်ဆွေ လုပ်တတ်တယ်။

အဲဒီပုဂ္ဂိုလ်မျိုးကို အညဒတ္ထုဟာရ မိတ်ဆွေလို့ ခေါ်တယ်။ အဲဒီမိတ်ဆွေမျိုးဟာ မိတ်ဆွေအတုပါတဲ့။ မပေါင်းလေနဲ့ ဝေးဝေးကရှောင်၊ ကိုယ်တိုင်လည်း ဒါမျိုး မဖြစ်စေနဲ့လို့ အဲဒါမျိုးပြောတာ။

နောက်တစ်ခုမိတ်ဆွေက ဘာလဲဆိုရင် (၂) ''**ဝစီပရမ**''တဲ့။ လက်မပါဘူး၊ အပြောသက်သက်ပဲ။ အပြောလေးကတော့ ချိုတယ်၊ ဝစီပရမဆိုတာ အပြောနဲ့ လောကွတ်လုပ်တတ်တဲ့ မိတ်ဆွေမျိုးတဲ့။

ဒါ..လောကကြီးမှာ အများကြီးရှိပါတယ်။ သူက လောကွတ်လုပ်တာ ဘာနဲ့လုပ်တုန်းဆိုရင် အတိတ်နဲ့ လောကွတ်လုပ်တယ်၊ အနာဂတ်နဲ့ လောကွတ်လုပ်တယ်၊ ဆိုပါစို့.. အိမ်တစ်အိမ်သွားတယ်၊ ''ဟာ.. သူငယ်ချင်း ကွာ မင်းနောက်ကျလိုက်တာ၊ မနေ့ကလာရင် ငါ့အိမ်မှာ ကြက်သားဟင်းချက်ထားတာ။ အခုတော့ ချဉ်ရည်ဟင်းပဲ ရှိတော့တယ်'' ချက်မချက်တော့မသိဘူး။ မနေ့ကတော့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အိမ်မှာ ကြက်သားဟင်း၊ အဲဒါကို ဟိုလူက မစားရဘူး။ မစားရ ဝခမန်းပဲ။ ဟော..မနေ့ကဟာနဲ့ ညှိခံလွှတ်လိုက်တာပဲ။

တစ်ခါတရံ ဟို မနှစ်ကနဲ့ ညှိခံလိုက်တယ်။ "ဟိုမနှစ်က ငါစီးပွားဖြစ်တုန်းက မင်းက မလာဘူးကွာ၊ မင်းကို ငါမျှော်လိုက်တာ မင်းမလာဘူး၊ အခုတော့ ငါလဲဒုက္ခရောက်နေတယ်ကွ" ဟော..မပေးရဘူးလေ။

ဒါပေမဲ့ ဟိုလူက ဝမ်းသာ သွားတယ်။ ဩော်..ဒီကောင် ငါ့အပေါ် စေတနာရှိသားပဲလို့ ထင်သွားမှာပဲ၊ အဲဒါမျိုးကို ဝစီပရမလို့ ခေါ်တယ်တဲ့။ နှုတ်သာပါတာ၊ လက်မပါဘူး။ အနာဂတ်နဲ့ ညှိခံတယ်ဆိုတာ ဘာတုန်း။ "အေး.. နောက်နှစ်ခါကျတော့ မင်းလာခဲ့ကွာ၊ ဒီအချိန်လာခဲ့ မင်းလိုချင်တာတွေ အကုန်ရစေမယ်" နောက်နှစ်ခါ သွားရင်တော့ ရချင်မှရလိမ့်မယ်။ ဒါပေမဲ့ နောက်နှစ်ခါနဲ့ ပြောလိုက်တယ်။ .သူက အဲဒါအနာဂတ်နဲ့ ညှိခံတာလို့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခေါ်တယ်။ အဲဒီလို အနာဂတ်နဲ့ညှော်ခံတဲ့ပုဂ္ဂိုလ်ကလည်း မိတ်ဆွေအတုပါတဲ့ မိတ်ဆွေအစစ် မဟုတ်ပါဘူး။ အဲဒီပုဂ္ဂိုလ်မျိုးကိုလည်း သတိထားရမယ်နော်။

နောက်ပြီးတော့ အကျိုးမရှိတာနဲ့ လောကွတ်လုပ်တတ်တာလည်း ရှိတယ်။ မိတ်ဆွေသူငယ်ချင်းတစ်ယောက်ကို တွေ့ပြီဆိုလို့ရှိရင် ''သူငယ်ချင်းလာကွာ၊ မင်းဝတ်ထားတဲ့ အဝတ်ကလည်း မကောင်းဘူး၊ ငါ့လည်း ဒီတစ်ထည်တည်း ရှိလို့ကွ၊ နို့မို့ မင်းကိုငါပေးပါတယ်''။

ပြီးတော့ မပေးဘူး မဟုတ်လား။ ငါလည်း ဒီတစ် ထည်တည်း ရှိလို့၊ နို့မို့ငါပေးပါတယ်။ ငွေသွားချေးလို့ရှိရင်လည်း ငါ့မှာ ဒီနှစ် ကြပ်နေလို့ကွာ၊ နို့မို့ငါပေးပါတယ်။ ငါ့လည်း ကုန်ထဲမှာ မြုပ်နေလို့ ငါမပေးနိုင် သေးဘူးကွာ။ ဝစီပရမလို့ခေါ်တဲ့ အဲဒီလိုလုပ်ပြီးတော့ တကယ်စိတ်ထဲက မပါဘူး။ စိတ်အတွင်းက မပါဘူး။ အဲဒီလိုပုဂ္ဂိုလ်မျိုးကို မိတ်ဆွေတု

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

''ဝစီပရမ''လို့ ခေါ်တယ်။

ပစ္စုပ္ပန်နဲ့ကျတော့ အပျက်ကို ပြတယ်။ ''သူငယ်ချင်း ငါသွားစရာရှိလို့ မင်းကားလေး ငါ့ခဏ ငှားစမ်းပါ''။ ''ဟာ·· ငါ့ကား ရှော့ဘား မကောင်း လို့ကွ၊ ဒီနေ့ ဝပ်ရှော့ပို့ရမယ်။ တကယ်တော့ ကောင်း ချင်လည်း ကောင်းနေမှာပေါ့နော်။ ကားက ဘာဖြစ်နေလို့ ခရီးဝေးသွားလို့မရသေးဘူး။ (သို့မဟုတ်) ငါ့ကား ဝပ်ရှော့ထိုးထားတယ် ဟုတ်ဟုတ်၊မဟုတ်ဟုတ်ပေါ့။

ပစ္စုပ္ပန်မှာ အပျက်ပြပြီးတော့ လူတစ်ဖက်သား ကို ပြောတဲ့မိတ်ဆွေမျိုးဟာ ''ဝစီပရမ''မိတ်ဆွေမျိုး။ ဒါလောကကြီးမှာ ကြုံရတတ်တယ်။ အဲဒီမိတ်ဆွေက တော့ မိတ်ဆွေတုပါတဲ့။ မိတ်ဆွေအစစ်မဟုတ်ပါဘူးတဲ့။

နောက်တစ်ခုကတော့ (၃)''**အနုပိယဘာဏီ**''။ အနုပိယဘာဏီဆိုတာ ဘယ်တော့မဆို အကြိုက်ကို လိုက်ပြောတတ်တဲ့မိတ်ဆွေ၊ သူ့အကြိုက်အတိုင်း လိုက် ပြောတာ၊ ကောင်းတာလည်း လိုက်ပြောတာပဲ၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မကောင်းလည်း လိုက်ပြောတာပဲ။ အဲဒီမိတ်ဆွေကလည်း မိတ်ဆွေတုပဲ။ မကောင်းဘူး။ ဘယ်လိုအကြိုက် လိုက်ပြောတာတုန်းဆို - မကောင်းတာပြောလည်း ''အေး‥ ကောင်းတယ် ကောင်းတယ်''။ ကောင်းတာ ပြောလည်း ''အေးကောင်း တယ်၊ကောင်းတယ်''နော်။

ဟိုတစ်ဖက်သား အကြိုက်ကို လိုက်ပြောတာ။ ဘယ်တော့ဖြစ်ဖြစ် အကောင်းဘက်ကနေ လိုက်ပြော၊ မကောင်းမှုတွေလုပ်လည်း ဟာကောင်းတာပေါ့၊ ကောင်းတာ တွေလုပ်လည်း ဟာကောင်းတာပေါ့။

ဘယ်ဟာဖြစ်ဖြစ် သူကြိုက်တာ သူပြောတဲ့ စကားသံနောက်လိုက်ပြီးတော့ သူ့အကြိုက်လိုက်ပြောတဲ့ မိတ်ဆွေမျိုးကလည်း မိတ်ဆွေကောင်းမဟုတ်ဘူးတဲ့။ ဒါတွေကိုလည်း လူတွေက ပေါင်းသင်းကြတာပဲ။ ဘာဖြစ်လို့တုန်း ကိုယ့်သဘောနဲ့ အံကျဖြစ်နေတာကိုး။

အဲဒီပုဂ္ဂိုလ်မျိုးဟာ ရှေ့မှာကျတော့ ချီးမွမ်း တယ်၊ လူတွေရှေ့ကျတော့ ချီးမွမ်းကြတယ်လေ။ ဟုတ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တာပေါ့၊ ဟုတ်တာပေါ့၊ မင်းသိပ်တော်တာပေါ့၊ ဘာညာနဲ့ ဆိုပြီး၊ ဒီလူလည်း ထွက်သွားရော မေးငေါ့ကျန် ခဲ့တယ်။ ဒီကောင်ဒီအတိုင်းပဲ ဒီကောင် ဘယ်ဟုတ်မလဲ ဒါမျိုးနော်။

လူနှစ်ယောက် အတင်းပြောနေတယ်မဟုတ်လား၊ အတင်းပြောလို့ရှိရင် သူတို့ နှစ်ယောက်တွေ့တဲ့ အခါမှာ အခြားလူတစ်ယောက်အကြောင်း ပြောတယ်။ အခြားလူတစ်ယောက်အကြောင်း မကောင်းကြောင်းတွေ ပြော၊ နောက်တစ်ယောက်က ထသွား၊ အဲ··လုပ်စရာရှိသေးတယ်။ ပြန်လိုက်ဦးမယ်ဆိုပြီး ဟိုတစ်ယောက်က ဘာလုပ်လဲဆို မေးထိုးပြီး ကျန်ရစ်တယ်။ သူလည်း အတူတူပါပဲ။ ဒီလိုဟာမျိုးတွေထဲ အဲလိုမျိုးတွေဆိုရင် အနုပိယပါနီ။ ရှေ့တင် ကောင်းတယ်၊ ကွယ်ရာကျတော့ အတင်းပြောတယ်။ အဲဒါလည်း မိတ်ဆွေကောင်းမဟုတ်ဘူးတဲ့ မြတ်စွာဘုရားက သတိထားရမယ့် ပုဂ္ဂိုလ်မျိုးတွေတဲ့။

နောက်တစ်ခုကျတော့ (၄) "**အပါယသဟာယ**"

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တဲ့။ ပျက်စီးဖို့အတွက် အပေါင်းအသင်းဖြစ်နေတဲ့ ပုဂ္ဂိုလ်တဲ့၊ အပါယသဟာယ။ ပစ္စည်းဥစ္စာတွေ ပျက်စီးဖို့ အတွက် အပေါင်းအသင်းတဲ့။

ဘာတုန်းဆိုရင် အေး‥ ဘီယာဆိုင်သွား မယ်ဆိုရင် ခေါ်လိုက်မယ်၊ တရားပွဲဆိုရင် မလိုက်ဘူး၊ ဘီယာဆိုင်၊ အရက်ဆိုင်သွားမယ်၊ အေးလိုက်မယ်။ နောက်ပြီးတော့ အဲဒီဖက်မှာ သောက်ဖော် သောက်ဖက်၊ အဲဒါ "အပါယသဟာယ"လို့ခေါ်တယ်။

နောက် အချိန်မတော်၊အချိန်တော် လမ်းလယ် ခေါင်ထွက်ပြီးတော့ လည်ဖို့ပတ်ဖို့ခေါ်ရင်လည်း လိုက် မယ်။ အဲဒီဘက်မှာကျ စိတ်ဝင်စားတယ်။ ဘုရားသွား၊ ကျောင်းတက်ကြတော့ မလိုက်ဘူး။ ဘာရှိသေးလို့တို့၊ ညာရှိသေးလို့တို့နော်။ မအားသေးလို့ အလုပ်ကတော့ ဘယ်တော့မှ မအားပါဘူးနော်။ အလုပ်အားမှဆိုရင်တော့ မရှိတော့ဘူးနော်၊အလုပ်ဆိုတာ ကိုယ့်အားမှ အားတာလေ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အေး‥ နောက်တစ်ခုက သူ ဘာလုပ်တုန်းဆို လို့ရှိရင် ပွဲလမ်းသဘင် သွားကြည့်ရအောင်ဆိုရင် ခေါ်ရင် လိုက်တယ်။ နောက်တစ်ခုက ဘာတုန်းဆိုရင် ဘယ်နေရာ သွားပြီးတော့ ချဲထိုးရအောင်၊ နှလုံးထီထိုးရအောင် ဘယ် သွားပြီးတော့ ဖဲရိုက်ရအောင်ဆိုရင် လိုက်တယ်။

အဲဒီလို ကိစ္စမျိုးမှာ လိုက်လျောတဲ့၊ အဖော်ပြုတဲ့ မိတ်ဆွေမျိုးဟာ ''အပါယသဟာယ''လို့ ခေါ်တယ်။ အဲဒါတွေကလည်း အပေါင်းအသင်း မိတ်ဆွေအစစ် မဟုတ်ပါဘူးတဲ့။ ဒီပုဂ္ဂိုလ်တွေကို ပေါင်းခြင်းဖြင့် ပျက်စီး သွားနိုင်ပါတယ်တဲ့။

မြတ်စွာဘုရားက မပေါင်းသင်းရမယ့်မိတ်ဆွေကို မိတ်ဆွေလို့တောင်မှ မခေါ်ဘဲနဲ့ အမိတ္တရန်သူ လို့တောင် သတ်မှတ်တယ်။ ဘာကြောင့် ရန်သူလို့သတ်မှတ်လဲဆိုရင် ပျက်စီးဆုံးရှုံးဖို့ရာ ဖြစ်တာကိုး။ ပထမတော့ တစ်တွဲတွဲ နေတာ၊ ဟုတ်သယောင်ရှိ တယ်၊ သို့သော် ကိုယ့်ဘဝပျက်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စီးဖို့ပဲ မဟုတ်လား၊ အဲဒါမျိုးကို "အပါယသဟာယ" လို့ခေါ်တယ်။ အဲဒီလိုမိတ် ဆွေမျိုးကလည်း လောကမှာ အများကြီး။ အဲဒါကို မြတ်စွာဘုရားက အမိတ္တရန်သူ လို့ပဲသတ်မှတ်တယ်။ မိတ်ဆွေလို့ မသတ်မှတ်ဘူး။

အေး‥ ပေါင်းလိုက်တဲ့ အခါကျတော့ (၄)မျိုး မြတ်စွာဘုရားက ဟောထားတယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးက ကိုယ်တိုင်လည်း မဖြစ်သင့်ဘူး။

ကိုယ်ပေါင်းတဲ့ သင်းတဲ့ ပုဂ္ဂိုလ်မှာလည်း ဒါမျိုးကို မိတ်ဆွေလို့ မသတ်မှတ်သင့် ဘူးပေ့ါ။ လောက လူဆိုတာကတော့ ကြုံတွေ့ကြမှာပဲ။

ဒါဖြင့်ဗျာ‥ ဒီလိုမပေါင်းသင်းထိုက်တဲ့ မိတ်ဆွေတွေ၊ မပေါင်းသင့်တဲ့မိတ်ဆွေတွေက များနေတယ်။

ဘယ်လို ပုဂ္ဂိုလ်မျိုးကို တပည့်တော်တို့ပေါင်းရ မလဲဆိုရင် မြတ်စွာဘုရားက ပေါင်းရမယ့် ပုဂ္ဂိုလ်ကို ဟောထား တာရှိတယ်။

## ပေါင်းသင်းရမယ့်မိတ်ဆွေကောင်းများ

''သုဟဒမိတ္တ'' တကယ့်ကို စိတ်ရင်းနှလုံးရင်းကနေ ကောင်းတဲ့ပုဂ္ဂိုလ်။ သုဟဒ-စိတ်နှလုံးကောင်းရှိတဲ့ ပုဂ္ဂိုလ်ကို ''သုဟဒ''လို့ ခေါ်တယ်။

စိတ်နှလုံးကောင်းရှိတဲ့ ပုဂ္ဂိုလ်က ဘာတုန်းဆိုရင် (၁) ''ဥပကာရ''မိတ်ဆွေတဲ့။ ကျေးဇူးပြုတတ်တဲ့ မိတ်ဆွေ။ ကိုယ့်ရဲ့အပေါင်းအသင်းတစ်ယောက်ဟာ ဆိုပါစို့၊ အရက်သေစာသောက်ပြီး မူးမေ့နေရင် တောင်မှပဲ အရက်မူးပြေသည်ထိအောင် သူ့အန္တရာယ်မဖြစ်အောင် စောင့်ရှောက်ပေးတယ်တဲ့။

ဟော‥မကောင်းတာလုပ်တာတောင် စောင့်ရှောက်ပေးတာနော်၊ မိတ်ကောင်းဆွေကောင်းက အဲဒီလိုသူ့ပစ္စည်းတွေ အထိမ်းအသိမ်းမရှိဘူးဆိုရင် မြင်တာနဲ့ သိမ်းပေးတယ်။ ကူညီပေးတယ်။ အဲဒီပုဂ္ဂိုလ်မျိုးက ''ဥပကာရ''ကျေးဇူးပြုတဲ့ပုဂ္ဂိုလ်မျိုး၊ တစ်စုံတစ်ခု ဘေးရန်ကြုံလို့ ကိုယ့်မိတ်ဆွေ ကိုယ်ပေါင်းတဲ့ပုဂ္ဂိုလ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တစ်ယောက်ဟာ သိပ်ကြောက်လန့်နေလို့ရှိရင်လည်း အားပေးစကား ပြောတယ်။

ကိစ္စရှိလို့ ရှိရင်လည်း ဝိုင်းကူပြီးတော့ ဆောင်ရွက်တယ်။ ငွေကြေးနေလိုတာကစပြီးတော့ ကူညီထောက်ပံ့ပေးတယ်။ အဲဒီလို မိတ်ဆွေမျိုးကျတော့ ''**ဥပကာရမိတ်ဆွေ**'' မိတ်ဆွေစစ်ပါတဲ့။

ဒါ လောကကြီးပွားရေးအတွက် အဲဒီလို ပုဂ္ဂိုလ်မျိုးကို ပေါင်းသင်းရမယ်တဲ့။ နောက်မိတ်ဆွေတစ်ခုက ဘာတုန်းဆိုရင် (၂)''**သမာနသုခ**''။

သုခသမာနဆိုတော့ တူညီသော သုခ၊ဒုက္ခ-ချမ်းသာ၊ဆင်းရဲ၊ ချမ်းသာလည်း အတူတူပဲ၊ ဆင်းရဲလည်း အတူတူပဲနော်။ အဲဒီလိုတူညီတဲ့ စိတ်ထားရှိတဲ့ မိတ်ဆွေ၊ အေး..အခုခေတ်ပြောကြတယ်မို့လား ''အေးအတူ၊ ပူအမျှ'' ချမ်းသာရင်လည်း တို့အတူတူပဲ၊ ဆင်းရဲလည်း တို့အတူတူပဲ၊ မခွဲမခွာ တစ်ဦးကို တစ်ဦး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အကျိုးပြုပြီးတော့နေကြတဲ့ မိတ်ဆွေမျိုးတွေကို ''သမာန ဒုက္ခသုခ''လို့ ခေါ်တယ်။ အဲဒီမိတ်ဆွေမျိုးက ကိုယ့်ရဲ့ လျှို့ဝှက်ချက်ကိုလည်းပဲ အဲဒီပုဂ္ဂိုလ်မျိုးကို ပြောတယ်။

တစ်ခါတစ်လေ လျှို့ဝှက်ချက်ဆိုတာ လူက နှုတ်ထဲက ထုတ်ပြောရလို့ရှိရင် မနေနိုင်လောက်အောင် ဖြစ်တယ်။ အဲဒီတော့ ထုတ်ပြောရမှာဆိုရင် အဲဒီလို မိတ်ဆွေမျိုးမှ ပြောသင့်တယ်ပေါ့။ သူ့ရဲ့လျှို့ဝှက်ချက် ကျတော့လဲ လျှို့ဝှက်ပြီးတော့ပေးတယ်တဲ့၊ အပြင်ကို မပေါက်ကြားအောင် ထိန်းပေးတယ်ပေါ့။

ဒုက္ခကြုံလာလို့ရှိရင်လည်း စွန့်ပြီးတော့ မသွားဘူးတဲ့၊ ခုနက ဝက်ဝံကြီးက မှာသွားတဲ့ ပုံလိုပဲ။ အဲဒီလို လူမျိုးမပေါင်းနဲ့တဲ့ ဆိုတာမျိုး ဒုက္ခကြုံလာရင် စွန့်ပစ်သွားတဲ့ ပုဂ္ဂိုလ်မျိုးမဖြစ်ရဘူးတဲ့။

နောက်.. ကိစ္စတွေ့လာလို့ရှိရင် ကိုယ်ကိုယ်တိုင်က အသက်စွန့်ပြီးတော့ ကာကွယ်ပေးတယ်၊ အဲဒီ မိတ်ဆွေမျိုးကတော့ ''သမာနသုခဒုက္ခ'' မိတ်ဆွေ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မျိုးလို့ခေါ်တယ်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ပေါ်မှာ အရှင်အာနန္ဒာဟာ ညီအစ်ကိုလည်း ဖြစ်တယ်။ အင်မတန်မှ ဘုရားပေါ်မှာ သံယောဇဉ်ကြီးတယ်။

အားလုံး ကြားဘူးကြပါလိမ့်မယ်။ ဒေဝဒတ်ရဲ့ အစီအမံအရ အဇာတသတ်မင်းကြီးက နာဠာဂီရိဆိုတဲ့ ဆင်ဆိုးကြီးကို အရက်တွေတိုက်ပြီးတော့ ဘုရားဆွမ်း ခံဝင်လာတဲ့ လမ်းကြားမှာ မောင်းလွှတ်လိုက်တာ။ ဘုရားနဲ့သံဃာတွေလည်း ကြွလာတယ်။ ဆင်ကြီး ကလည်း နှာမောင်း ကြီးမြှောက်ပြီး အော်ဟစ်ပြီး အမြီးကြီးကုပ်ပြီးတော့ ပြေးလာတယ်။

သူ့ရှေ့မှာ တွေ့တဲ့ ပုဂ္ဂိုလ်ကတော့ မသက်သာ ဘူး။ အဲဒီအချိန်မှာ အရှင်အာနန္ဒာမထေရ်မြတ်ဟာ ဘုရားနောက်ကနေပါလာတာ။ ဘုရားကို ထိမှာစိုးလို့ သူကိုယ်တိုင် ရှေ့ကနေပြီးတော့ ပြေးတက်လိုက်တယ်။ သူ့အသက်စွန့်တာပဲ၊ အဲဒီအချိန်မှာဆို ဘယ်လောက်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အရေးကြီးတဲ့ အချိန်လဲနော်။ မြတ်စွာဘုရားက အနီး ရောက်လာပြီး အဲဒီအချိန်မှာ အရှင်အာနန္ဒာကသူ့ပဲ ဆင်ဆိုးကြီး ထိုးပါစေဆိုပြီးတော့ သူ့အသက်ကို စွန့်ပြီး ဘုရားရှေ့က ဝင်ရပ်တယ်။

အဲဒီမှာ မြတ်စွာဘုရားက ''မဟုတ်ဘူး အာနန္ဒာ'' ပြောလဲမရဘူး။ သူ့ရှေ့ကနေ အတင်းရပ် တယ်။ နောက်မှ မြတ်စွာဘုရားက တန်ခိုးတော်နဲ့ ပယ် လိုက်ရတယ်။ အရှင်အာနန္ဒာကို ဖယ်ခိုင်းလို့မရဘူးနော်။ ဘာတုန်းဆိုရင် ဒါ··ဒုက္ခကြုံလာလို့ရှိရင် အသက်စွန့်တာ စိတ်ဓာတ်ကိုက အသက်စွန့်တာ ဘုရားကိုတော့ မထိ စေရဘူး။ ငါကာကွယ်မယ်ဆိုပြီးတော့ အသက်စွန့်တာ အဲဒီလို ပုဂ္ဂိုလ်မျိုးက **''သမာနသုခဒုက္ခ''** မိတ်ဆွေ စစ်လို့ ခေါ်ပါတယ်တဲ့။ မိတ်ဆွေစစ်လို့ခေါ်တယ် အသက် စွန့်တယ်ပေါ့။

နောက် မိတ်ဆွေတစ်ဦးက ဘာတုန်းဆိုရင် (၃)**''အတ္ထက္ခာယီ''**အကျိုးစီးပွားကို ဟောပြောပြသ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တတ်တဲ့ မိတ်ဆွေဆရာသမားလို မိတ်ကောင်းဆွေကောင်း။ အဲဒီပုဂ္ဂိုလ်ကြတော့ ကိုယ့်ရဲ့မိတ်ဆွေတစ်ယောက်ဟာ မကောင်းတာလုပ်နေလို့ရှိရင် ''မလုပ်နဲ့'' တားတယ်။ မရရအောင်တားတယ်။ ကောင်းတာလုပ်ဖို့အတွက်လည်း သူက အားပေးတိုက်တွန်းတယ်။

## ဃဋီကာရအိုးထိန်းသည်

အတ္တကွာယီမိတ်ဆွေနေရာမှာ ဃဋီကာရသုတ်ထဲက ဃဋီကာရဆိုတဲ့ အိုးထိန်းသည်ကြီးနဲ့ ဇောတိပါလလို့ခေါ်တဲ့ ဗေဒကျမ်းဂန်တတ်တဲ့ ပညာတတ်ပုဏ္ဏား၊ အဲဒီဗေဒကျမ်းဂန်တတ်တဲ့ ဇောတိပါလဆိုတဲ့ အမျိုးသားနဲ့ ဃဋီကာရလို့ခေါ်တဲ့ အိုးထိန်းသည် ကြီးတို့က မိတ်ဆွေဖြစ်နေကြတာ၊ အင်မတန်မှ ရင်းနှီးတယ်။

ဃဋီကာရဆိုတာက ကဿပမြတ်စွာဘုရားရဲ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဥပါသကာကြီး၊ သူက အနာဂါမ်။ အားလုံး ကြားဘူးကြ လိမ့်မယ်။ အဲဒီအနာဂါမ်ဃဋီကာရကြီးကပဲ ဘုရားလောင်း တောထွက်တဲ့အခါ သူက ဗြဟ္မာပြည် ရောက်နေပြီလေ။

ဗြဟ္မာ့ပြည်ရောက်တော့ မြတ်စွာဘုရားလောင်း တောထွက်တဲ့အခါ ဘုရားလောင်းကို ကြာသင်္ကန်းနဲ့ လာကပ်တယ်ဆိုမို့လား။ ကြာသင်္ကန်းဆိုတာ ကနေ့ခေတ် တော့ ကြာရိုးကိုမျှင်ပြီးတော့ ရက်ထားတာကို ကြာ သင်္ကန်းလို့ခေါ်တာ။ ဘုရားလာကပ်တဲ့ကြာသင်္ကန်းက ကြာရိုးကို ရက်ထားတယ်လို့ မဆိုဘူး။

ကမ္ဘာဦးက ကြာဖူးကြီးငါးခု ကမ္ဘာပြုရေပြင်ကြီး ပေါ်မှာ ပေါက်လာတဲ့ကြာဖူးကြီးငါးခု၊ အဲဒီကြာဖူးကြီး ငါးခုထဲက တစ်ဖူးဖူးမှာ ပဋိက္ခရာ(၈)ပါးစီ ပါတယ်။ ဘုရားငါးဆူပွင့်မယ်ဆိုတဲ့ အထိမ်းအမှတ်၊ အဲဒီကြာဖူး ထဲက ပရိက္ခရာ(၈)ပါးကို ယူပြီးတော့ ဗြဟ္မာ့ပြည်မှာ သိမ်းထားတာ။ အဲဒါကို လာကပ်တာနော်။ အဲဒါကို ကြာသင်္ကန်း လို့ခေါ်တာ၊ ကြာရိုးကိုမျှင်ပြီးတော့ ရက်

ထားတဲ့ ကြာသက်န်းမဟုတ်ဘူး။

ကနေ့ခေတ်မှာဆိုရင် ကြာသက်န်းဆိုပြီးတော့ (၁၀)သိန်း၊ (၁၅)သိန်းလောက်ရှိလား မသိပါဘူး၊ ရှိတယ်။ ကြာသက်န်းဆိုပြီးတော့ မွန်မွန်မြတ်မြတ် လုပ်ကြတာ ဘာလုပ်တုန်းဆိုရင် ခုနကကြာရိုးတွေက ရက်ပြီးတော့ လုပ်တာ ကြာသက်န်း။

အေး‥မြတ်စွာဘုရားလောင်းကိုကပ်တဲ့ ကြာသက်န်းကတော့ ကြာဖူးထဲကရတဲ့သက်န်း၊ အဲဒီကြာသက်န်းလာကပ်တဲ့ ဃဋီကာရဆိုတာ ကဿပမြတ်စွာဘုရားပွင့်တဲ့အချိန်မှာ ဂေါတမမြတ်စွာဘုရားအလောင်းက ဇောတိပါလဆိုတဲ့ ပညာတတ်ဗြဟ္မာဏ ဖြစ်တယ်။

ဃဋီကာရဗြဟ္မာကြီးက အဲဒီတုန်းက ဃဋီကာရလို့ဆိုတဲ့ အိုးလုပ်၊အိုးဖုတ်ပြီး အသက်မွေးတာ အိုးထိန်းသည်လို့ ခေါ်တယ်။ အိုးဖုတ်သမားပေါ့။

အိုးလုပ်ပြီး အသက်မွေးတာ တော်တော်ရင်းနှီးတဲ့

သူငယ်ချင်းဖြစ်တော့ ဃဋီကာရက ဇောတိပါလကို ခေါ်တယ်။ သူငယ်ချင်းဇောတိပါလ ဘုရားကျောင်း တော်သွားရအောင် ဘုရားကျောင်းက နီးနီးလေးပဲ၊ ဘုရားကျောင်းသွားပြီး ဘုရားဆီက တရားနာရအောင် ခေါ်တာ၊ ဇောတိပါလက ဘာပြောတုန်းဆိုရင် ဟာ.. သူငယ်ချင်း ဒီပုဏ္ဏားကတုံးတွေဆီ သွားလို့ ဘာရမှာ တုန်းတဲ့။

ဘုရားဆီသွားဖို့ ခေါ်တယ်။ ဟိုလူက မလိုက် ဘူး၊ အဲဒါနော် စဉ်းစားကြည့်။ အဲဒီမလိုက်တဲ့လူက ဘယ်သူတုန်းဆိုရင် ဂေါတမမြတ်စွာဘုရားအလောင်း၊ အဲဒီအချိန်တုန်းက ဇောတိပါလဆိုတဲ့ ပုဏ္ဏားက ဘာဖြစ် လို့ ဘုရားနဲ့ဝေးနေတာတုန်း၊ သူကိုယ်တိုင် ဘုရားဖြစ် မယ့်ပုဂ္ဂိုလ်ဖြစ်ရဲ့သားနဲ့ ဘာလို့ဝေးနေတာတုန်း၊ လော လောဆယ်သူ့ရဲ့ပတ်ဝန်းကျင်က ဘုရားတရား မကြည် ညိုတဲ့ အမျိုးမှာ ဖြစ်နေတာကိုး၊ ဒါလည်း သတိထား ရမယ်နော်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တစ်ခါတစ်ရံ ကိုယ်ကိုယ်တိုင်က မိရိုးဖလာ မိကောင်းဖခင်သားသမီးဖြစ်လို့ သဒ္ဓါတရားအထိုက်အသင့် ရှိနေတာကို အထင်မကြီးလေနဲ့။ ဒီဘဝမှာ အခိုင်အမာမတည်ဆောက်ဘူးဆိုရင် နောက်ဘဝမှာ လွယ်လွယ်ကူကူနဲ့ ဒီစိတ်ဓာတ်လေး ပြောင်းလည်းသွားမှာ။

အဲဒါကြောင့်မို့လို့ သာသနာတော်နဲ့ ကြုံတွေ့တဲ့အချိန်လေးမှာ ဒီမှန်ကန်တဲ့ စိတ်ဓာတ်ကလေးတွေကို ခိုင်ခိုင်မာမာ တည်ဆောက်ထားဖို့ လိုအပ်တယ်။

''ဒဿနမူလိကာ'' သဒ္ဓါအသိကို အခြေခံတဲ့ သဒ္ဓါတရား ''သောတာပတ္တိမဂ်''လို့ ခေါ်တယ်။ အသိဉာဏ်ကို အခြေခံတဲ့သဒ္ဓါတရားမျိုး တည်ဆောက်ထားမှသာ မြဲတယ်၊ နို့မို့ဆိုမမြဲဘူး။

ကြည့်‥ဘုရားအလောင်းဟာ ကဿပဘုရား ပွင့်ပြီးရင် ပွင့်မယ့်ဘုရားအလောင်းနော်။ ဘုရားကျောင်းကိုခေါ်တော့ ဘာပြောတုန်း၊ မလိုက်ချင်ပါဘူးတဲ့။ ''ဒီကတုံးတွေ ဆီကို၊ ဒီလို''ပြောတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဲဒီတော့ သူငယ်ချင်းလုပ်တဲ့လူက တော်တယ်။ ဒါဖြင့် သူငယ်ချင်း ကျောင်းမသွားဘူးဆိုရင် တို့ဒီနားက မြစ်ကိုသွားပြီး ရေချိုးရအောင်ဆိုတော့ အလွယ်တကူ လိုက်သွားတယ်။

အခုခေတ်လည်း ဒီလိုပဲ၊ စားသောက်ဆိုင်သွားရအောင်ဆို လိုက်မယ်၊ ဂေါက်သီး သွားရိုက်ရအောင်ဆိုလည်း လွယ်လွယ်ကူကူပဲနော်၊ လက်ဖက်ရည်ဆိုင် သွားရအောင်ဆိုရင်ကော မလိုက်ဘူးလား။

အေး‥တရားပွဲသွားရအောင် ကျောင်းသွားရအောင်ဆိုရင် မအားသေးဘူး၊ အလုပ်မအားသေးလို့ ဒီနေ့ ဒီလိုတွေကော မတွေ့ရဘူးလား၊ တွေ့ရတယ်၊ အပြစ်ပြောစရာ မဟုတ်ဘူး။

ဒါ• ဘာဖြစ်လို့တုန်းဆိုရင် သတ္တဝါတွေ့ရဲ့ စိတ်ထဲကိုက ဒီလိုရှိတာ၊ အဲဒီတော့ ဒီလိုရှိတာကို တချို့က အထင်သေးတယ်။ တို့က ပါရမီနုနေသေးလို့ နောင်ပါရမီရင့်လာရင် ဖြစ်လိမ့်မယ်လို့ ဒီလိုထင်တာ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မဖြစ်ဘူး၊ ဘယ်တော့မှလည်း ရင့်လာမှာ မဟုတ်ဘူး။ အခုထဲက မလေ့ကျင့်လို့ရှိရင် ဘယ်တော့မှ ရင့်လာမှာ မဟုတ်ဘူး။ ပြောကြတယ်မို့လား?၊ မနက်ဖြန်ဆိုရင် သိပ်နောက် ကျသွားပြီး၊ Tommorow will be to late. ဆိုတာ အဲဒီတော့ နောက်ဘဝဆိုရင် သိပ်နောက်ကျ သွားပြီ။

ဒီအခြေအနေမျိုး ကိုယ်ရချင်မှရမှာ။ ဒီအခြေအနေကောင်းလေးမှာ ကိုယ်လုပ်ချင်တာလေး၊ ပီပီပြင်ပြင်ဖြစ်အောင် အခိုင်အမာဖြစ်အောင် တည်ဆောက်ထားဖို့ မလိုအပ်ဘူးလား? ..။

သာသနာတော်နဲ့လည်း ကြုံတွေ့နေတယ်။ ဘုရားတရားတွေလည်း နာယူခွင့်ရနေတယ်။ အဲဒီအချိန်လေးမှာ ဟိုကိစ္စ၊ ဒီကိစ္စအကြောင်းပြပြီး မလုပ်မိဘူးဆိုရင် ဒီဘဝဝေးတာထက် နောင်ဘဝကြရင် ပိုဝေးသွားမှာ။ နီးလာမယ်လို့တော့ မအောက်မေ့လေနဲ့၊ ဝေးသွားဖို့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပဲရှိတယ်။ ဘုရားလောင်း ရင့်မာကြီးတောင် ဘုရားကျောင်းခေါ်လို့ မရဘူးနော်။ အဲဒါနဲ့ သူငယ်ချင်းဆိုတာ ကောင်းတဲ့ဘက်ကို မရရအောင် ခေါ်တယ်။ သူက ကဲ ရေချိုးသွားရအောင်ဆိုတော့ လိုက်တယ်။ အဲဒီကျတော့ လွယ်လွယ်ကူကူ ရေသွားချိုးတယ်။

ရေပါချိုးပြီးတဲ့အခါကျတော့ မြစ်ဆိပ်ကနေတက်လာတယ်။ တက်တဲ့အခါကျတော့ ဃဋီကာရက ပြောပြန်တယ်။ ''သူငယ်ချင်းဇောတိပါလ ဟောဒီမယ်ဘုရားကျောင်း။ ဒီနားလေးမယ် နီးနီးလေး၊ တို့သွားရအောင်လိုက်ခဲ့ပါ ''၊ ''အာ··ဘာလို့လိုက်ရမှာလဲ မလိုက်ဘူး'' ဆိုတော့ ဟိုလူက နောက်ထပ် ထပ်ပြောတယ်။

''မဟုတ်ပါဘူး''၊ သူငယ်ချင်းရာ·· ဘုရားကျောင်းသွားရအောင်ပါ၊ လိုက်ခဲ့ပါဆိုတော့ မလိုက်ဘူး။ မင်းမလိုက်လို့မရဘူးဆိုပြီးတော့ ပုဆိုးစကို ဆွဲကိုင်တယ်။ အဲဒီကျတော့ အဲဒါလည်းဟိုလူက လက်ကို တွန်းပြီးတော့ ပုဆိုးစ ဆွဲရုန်းတယ်။ မလိုက်ဘူးတဲ့ နောက်တစ်ခါ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထပ်ခေါ်တယ်။ ထပ်ခေါ်တဲ့အခါကျတော့ ဃဋိကာရ အိုးထိန်းသည်ကြီးက ခွန်အားဗလအင်မတန်ကောင်းတာ၊ ဇောတိပါလရဲ့ ဆံထုံးကို ဆွဲပြီးတော့ သူငယ်ချင်း မင်းလိုက်မှာလား မလိုက်ဘူးလား ဆံပင်ဆွဲခေါ်တော့တာ၊ အဲဒီလို ဆွဲခေါ်တဲ့အခါကျတော့ ဟိုလူက လား၊ ဘုရား အလောင်းဆိုတော့ စိတ်ဓာတ်အင်မတန်ကောင်းတယ်။

ဘုရားအလောင်းတွေက စိတ် မယုတ်မာဘူး။ အထင်အမြင်လေးတော့ သူတို့ မှားချင် မှားနေလိမ့်မယ်။ စိတ်ယုတ်မာတွေ မရှိဘူး။ အတွေးလည်း မလွဲတတ်ဘူး၊ အဲဒါဘုရားအလောင်းတွေရဲ့ စွမ်းအင်သတ္တိပဲ။ ဆံပင်ဆွဲခေါ်တဲ့အခါကျတော့ ကျန်တဲ့လူဆိုရင် ရန်ဖြစ်မယ်မို့လား မင်းငါ့ဆံပင် ဆွဲရမလား၊ စော်ကားလှချည်လားဆိုပြီး အဲဒီနေရာမှာတင်ပဲ ရန်ပွဲဖြစ်တော့မှာ။

သူက ဘယ်လို စဉ်းစားလဲဆိုတော့ အော်·· အိုးထိန်းသည်ဆိုတာ ဗြဟ္မဏတွေနဲ့စာရင် အင်မတန် ဇာတ်က နိမ့်တယ်ပေါ့။ အိန္ဒိယမှာက ဒါ·· ဇာတ်နိမ့်လို့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခေါ်တယ်။ ဇာတ်နိမ့်ဆိုရင် ထိတောင် မထိရဲဘူး။ အခုလို ဆံပင်ကိုင်ဖို့ဆိုတာ အင်မတန်အဝေးကြီး၊ အဲဒီတော့ သူ့စိတ်ထဲမှာ ဘယ်လို တွေးတုန်းဆိုရင် အော်ငါ့ဆံပင် ဆွဲခေါ်တယ်ဆိုတော့ တကယ့်ကို အကျိုးရှိလို့ ဖြစ် လိမ့်မယ်။ ဟော··သူတွေးပုံက အဲဒီလိုတွေးတာ မှန်ကန်တဲ့ အတွေး။ ငါ့သူငယ်ချင်းက ငါ့ကို ဒီလောက်ထိအောင် ငါ့ဆံပင်တောင် ဆွဲခေါ်တယ်ဆိုတာဟာ သာမာန်တော့ မဟုတ်ဘူး။ တကယ်အကျိုးရှိလို့ ဖြစ်လိမ့်မယ်။ "သူငယ် ချင်း မင်းငါ့ဆံပင်တော့ မဆွဲနဲ့၊ လွှတ်··။ ငါလိုက်မယ်"။

ဟော··လိုက်သွားတယ်၊ ဘုရားဆီလည်း ရောက်ရော·· ဘုရားက တရားဟောတာ၊ ကဿပ မြတ်စွာဘုရားက တရားဟောလိုက်တဲ့အခါကျတော့ ဉာဏ်အင်မတန်ထက်တဲ့ ပုဂ္ဂိုလ်ဆိုတော့ တစ်ခါတည်း သဘောပေါက်သွားတယ်။ ပေါက်သွားတာ အိမ်ကို မပြန် တော့ဘူး။ ဘုရားဆီကနေ ဆင်းလာတဲ့အခါကျတော့ ဃဋီကာရကို ပြောတယ်၊ သူကမေးတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဇောတိပါလက သူငယ်ချင်း မင်းဒီတရားတွေ နာနေရဲ့သားနဲ့ ဘာလို့ သင်္ကန်းမဝတ်တာတုန်းဆိုတော့ ဃဋီကာရက ပြန်ပြောတယ်။

"သူငယ်ချင်း၊ မင်းလည်းအသိပဲ၊ ငါ့မှာ အဖေအို အမေအို နှစ်ယောက်ရှိတယ်။ သူတို့က မျက်စိလည်း မမြင်ကြဘူး။ ငါမလုပ်ကျွေးရင် ဘယ်သူလုပ်ကျွေးမှာတုန်း။ အမေအဖေ လုပ်ကျွေးဖို့အတွက် ငါ သင်္ကန်း မဝတ်နိုင်တာပါ။ ပြောတဲ့အခါကျတော့ အေး·· အဲဒါဆိုလို့ ရှိရင်လဲ ဟုတ်တယ်၊ ငါကတော့ အိမ်မပြန် တော့ဘူးကွာ၊ သင်္ကန်းဝတ်တော့မယ် ချက်ချင်းပဲ ဆုံးဖြတ်ပြီးတော့ ဘုရားဆီပြန်ဝင်ပြီး ရဟန်းအဖြစ် ခွင့်တောင်းလိုက်တယ်၊ အဲဒီဘဝမှာ ဘုရားလောင်းဟာ ရဟန်းဖြစ်သွားပါတယ်။

ဂေါတမမြတ်စွာဘုရားအလောင်း အဆိုရှိတယ် မို့လား၊ ဗျာဒိတ်ခံခဲ့တာ (၂၄)ဆူရှိတဲ့အထဲ ရဟန်း ဖြစ်ခဲ့တာ (၉)ကြိမ်ပဲ ရှိတယ်လို့ ပြောကြတယ်နော်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

(၉)ခါပဲရဟန်းဖြစ်ခဲ့တယ်တဲ့။ ဘုရားတွေ့တဲ့အခါပေါင်းဟာ (၂၄)ကြိမ် တွေ့ခဲ့တယ်ပေါ့၊ ဘုရား (၂၄)ဆူ။ ဟော·· နှစ်ကျိပ်ရှစ်ဆူလို့ ဒီနေ့ ပူဇော်နေကြတာ အဲဒါကို ရည်ညွှန်းတာ။

ဂေါတမမြတ်စွာဘုရားအလောင်း ဗျာဒိတ်ခံခဲ့တာက(၂၄)ဆူ၊ အဲဒီအထဲမှာ ဂေါတမမြတ်စွာ ဘုရား ထည့်လိုက်တဲ့အခါမှာ (၂၅)ဆူ မဖြစ်ဘူးလား။ အဲဒီ (၂၅)ဆူထဲမှာ ဘာထပ်ဖြည့်တုန်းဆိုတော့ ဒီပင်္ကရာ မြတ်စွာဘုရားနဲ့ တစ်ကမ္ဘာတည်းပွင့်တဲ့ ဘုရားသုံးဆူ ရှိတယ်။ **"တဏှင်္ကရာတဲ့၊ သရဏင်္ကရာတဲ့၊ မေဓင်္ကရာတဲ့"**။

ဒီပင်္ကရာမြတ်စွာဘုရားအရင်က တစ်ကမ္ဘာ တည်းပွင့်တဲ့ မြတ်စွာဘုရား (၃)ဆူကို ထပ်ထည့် လိုက်တော့ နှစ်ကျိပ်ရှစ်ဆူဖြစ်တာပေါ့။

အေး··ဘုရားအလောင်းများဟာ ကုသိုလ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကောင်းမှုလုပ်ပြီဆိုရင် ဘယ်တော့မှတွန့်ဆုတ်မှု မရှိဘူး၊ ဒီလိုစိတ်ဓာတ် မပြောင်းထန်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ဒီလို မဖြစ်ဘူး။ ဆုသာတောင်းနေပေမယ်လို့ တကယ်လုပ်ရမယ်ဆိုရင် ရွံ့တွန့်တွန့်ဖြစ်တတ်သေးတယ်။ အဲဒါ ဘာကြောင့်လဲဆိုရင် "ဆန္ဒက အဓိပတိ မတပ်ဘူး၊ ဝီရိယကလည်း အဓိပတိမတပ်ဘူး၊ စိတ်ဓာတ်ကလည်း အဓိပတိ မဖြစ်ဘူး၊ အသိဉာဏ်ကလည်း အဓိပတိ မဖြစ်ဘူး"။

## နိဗ္ဗာန်ဆုတောင်းသူ

သင်္ဂဇာဆရာတော် ဘုရားကြီးရဲ့ စကားပုံအဖြစ်ရေးထားတဲ့ ကျမ်းထဲမှာ ကြားဖူးကြပါလိမ့်မယ်။ မန္တလေးမှာဖြစ်တဲ့ ပုံဝတ္ထုလေးတစ်ခုပေါ့။ သူ့နာမည်က ဈေးတောင်က ကိုမောင်တဲ့ မန္တလေးဘုရား ကြီးသွားပြီး၊ နေ့စဉ် ဘုရားရှိခိုးအော်ကြီး ဟစ်ကျယ် ဆုတောင်းတယ် "နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရပါရစေ" တဲ့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နေ့တိုင်း အော်အော်ပြီး ဆုတောင်းတာ ဆုတောင်းတဲ့အခါတစ်နေ့ကျတော့ သူငယ်ချင်းတစ်ယောက်က ဒီကောင် တယ်ပြီးတော့ နိဗ္ဗာန်ဆုတောင်းပါလား။ တကယ်သွားချင်တာ ဟုတ်မဟုတ်၊ ငါစုံစမ်းအုံးမယ်။

တစ်ရက်ကျတော့ သိကြားမင်းအဝတ်အစားတွေဆိုင်ကနေ ငှားဝတ်လာပြီး၊ သူက ကြိုတင်ရောက်ကာဘုရားနောက်က ကွယ်နေတယ်။ ဟိုလူက ဘုရားပါရှိခိုးပြီးတော့ ကျယ်လောင်ကျယ်လောင်နဲ့ ဆုတောင်းလိုက်ရာ သိကြားမင်းယောင်ဆောင်ထားတဲ့ သူငယ်ချင်းကထွက်လာတယ်။

"ဟဲ့ ငမောင်၊ ငါသိကြားမင်း၊ မင်းနိဗ္ဗာန်ဆုတောင်းနေတာကြာပြီ၊ အဲဒီတော့ ငါလည်း နတ်ပြည်က အလုပ်ကိစ္စတွေနဲ့ မအားလို့ မလာရဘူး။ ဒီကနေ့တော့ မင်းကို နိဗ္ဗာန်ပို့ပေးဖို့ ငါဆင်းလာခဲ့ပြီ၊ ကဲလာသွားကြစို့"ဆိုတော့ ကြောင်ကြည့်နေတယ်။

သိကြားမင်းကြီး အခုလိုက်ရမှာလားတဲ့၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အခုလိုက်ရမှာပေါ့၊ အိမ်ပြန်ပြီးတော့ ပြောအုံးမှဖြစ်မှာ၊ အိမ်ကလူတွေက တော်ကြာ ဘယ်သွားမှန်းမသိ၊ အိမ်ပြန် ပါရစေဦး။ အိမ်ပြန်၊ အိမ်ကအမျိုးသမီးနဲ့ သွားတိုင်ပင်မှ ဖြစ်မှာဆိုတော့.. အေး..သွားတိုင်ပင်။ မင်းကို ငါ (၇)ရက်ပဲ အခွင့်ပေးမယ်နော်။

အများကြီး အခွင့်မပေးနိုင်ဘူး။ နိဗ္ဗာန်ဆိုတာ အင်မတန် ရောက်ရခဲတာ။ အဲဒါ.. အိမ်ပြန်သွားသတဲ့၊ တောင်းတောင်းပန်ပန်နဲ့ အိမ်ပြန် ရောက်တဲ့အခါကျတော့ အိမ်က အမျိုးသမီးနဲ့ စကားပြောတယ်။

ငါ.. ဒီလို ဒီလိုပဲ ဆုတောင်းတာ ကနေ့တော့ ဆုတောင်းပြည့်ပြီ၊ သိကြားမင်းက နိဗ္ဗာန်ကို လိုက်ခဲ့လို့ ခေါ်သွားတယ်။ ငါဘယ်လို လုပ်ရမလဲဆိုတော့ အမျိုး သမီးက တွန်းတာပေါ့။ အမေလေး.. ရှင်ဆုတောင်း ပြည့်တာပဲ၊ သိကြားတောင် လာခေါ်မှ လိုက်သွားပေါ့။ ဘာလို့ပြန်လာရတာလဲ၊ 'ဟ' နင်တစ်ယောက်တည်း ဖြစ်ပါ့မလားတဲ့။ အဲဒီတော့ အိမ်ရှင်မက ပြောတယ်၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စဉ်းစားမနေနဲ့ ရှင်လိုက်သာသွားဆိုတော့ "နင်စဉ်းစားဦးနော်"တဲ့။ "ဘာမှ မစဉ်းစားဘူး"၊ "နင်မစဉ်းစားလဲ ငါကတော့ စဉ်းစားရဦးမယ်" လို့ ပြောသတဲ့။ အဲဒါမျိုး ဖြစ်နေတယ်။

ဘာဖြစ်လို့တုန်းဆိုတော့ စိတ်ဆန္ဒက မပြတ်တာလေ။ ဟော..ကြည့်၊ ဇောတိပါလ ဘုရားအလောင်းကျတော့ ချက်ချင်းပဲ ဆုံးဖြတ်လိုက်တယ်။

အိမ်မပြန်တော့ဘဲ ချက်ချင်း သင်္ကန်းဝတ်တယ်။ ကဿပဘုရားဆီ ခေါ်တုန်းကလည်း သူမလိုက်ချင်ဘူး၊ လိုက်လာပြီးတဲ့အခါ တရားမွလည်း သိလိုက်ရော ချက်ချင်း ဆုံးဖြတ်ပြီး ချက်ချင်းသင်္ကန်းဝတ်သွားတယ်။

ဒီနေရာမှာ ပြောလိုရင်းကတော့ ကြည့်လေ. ခုနက မိတ်ဆွေဆိုတဲ့နေရာမှာ အင်မတန်မှ အရေးကြီးတဲ့ မိတ်ဆွေ ဃဋိကာရအိုးထိန်းသည်ကြီးဟာ တကယ့်ကို မိတ်ဆွေအစစ် ဖြစ်တယ်။ အဲဒါကြောင့်မို့လို့ ဒီဘုရားအလောင်းဇောတိပါလပုဏ္ဏားကို ဘုရားဆီ မရောက်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရောက်အောင် သူခေါ်သွားတာ။ ကိုယ်ကိုယ်တိုင်က မိတ်ဆွေစစ်၊ ဃဋိကာရကလည်း မိတ်ဆွေစစ် ဖြစ်တယ်။ ဇောတိပါလကလည်း မိတ်ဆွေစစ် ဖြစ်တယ်။ နှစ်ဦးစလုံး မိတ်ဆွေစစ် ဖြစ်ကြသည့်အတွက်ကြောင့် အကျိုးရှိတာ ဖြစ်သွားတယ်ပေါ့။

အဲဒါကို ပြောတာနော်၊ တိုက်တွန်းတယ်၊ ကောင်းတဲ့ဖက်မှာ တိုက်တွန်းပေးတယ်၊ အသစ်အဆန်းတွေကို ပြောပေးတယ်။ ကောင်းရာဘုံကို ရောက်အောင် ပြောပေးတယ်။ "**အတ္ထက္ခာယီ**"။

နောက်ဆုံးမိတ်ဆွေကခုက ဘာတုန်းဆိုရင် (၄) "**အနုကမ္ပ**"၊ အစဉ်သနားစောင့်ရှောက်တတ်တဲ့ မိတ်ဆွေတဲ့။ သနားစောင့်ရှောက်တတ်တယ်ဆိုတာက ကိုယ့်မိတ်ဆွေ အပေါင်းအသင်းတစ်ယောက် ပျက်စီးနေပြီဆိုရင် စိတ်ထဲမှာ ဝမ်းမသာဘူး။

လူတွေက တစ်ဖက်သားပျက်စီးရင် ကြိတ်ပြီး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝမ်းသာတတ် တယ်နော်။ ပါးစပ်ကသာ ဝမ်းမသာဘူး ပြောပေမယ့် ကြိတ်ပြီး ဝမ်းသာတတ်တယ်။ အေး‥ ကြီးပွားတိုးတက်နေရင်လည်း တကယ်ကြိုက်တယ်ပေါ့။ ဆိုလိုတာက "**ဣဿာ**" မရှိဘူး၊ "**မစ္ဆရိယ**"မရှိဘူး၊ "**မုဒိတာ**"ရှိတယ်လို့ ဒီလိုပြောတာ။

ကိုယ့်မိတ်ဆွေတစ်ယောက်က ကိုယ့်မိတ်ဆွေရဲ့ ဂုဏ်ကျေးဇူးစကားကို ပြောတယ်ဆိုရင် ဖြည့်စွက်ပြီးတော့ သူက ပြောပေးတယ်။

ဒီလို တချို့ကျတော့ ချီးမွမ်းစကားပြောလို့ရှိရင် မကြိုက်နိုင်ဘူး၊ မကြိုက်နိုင်တဲ့အခါကျတော့ မင်းသိတာက ဒါလေးကိုကွ။ မင်းမသိတာတွေ ရှိသေးတယ်လို့ ဘာလိုလို ညာလိုလိုနဲ့ ထည့်လိုက်သေးတာပဲ။ အဲဒီတော့ မိတ်ဆွေစစ် ဆိုတာမျိုးကျတော့ တကယ့်ကို ကိုယ့်ရဲ့မိတ်ဆွေအပေါ်မှာ သနားစောင့်ရှောက်တတ်တယ်။

ဟော‥ပေါင်းလိုက်တဲ့အခါ "**ဥပကာရ**"လို့ ခေါ်တဲ့ ကျေးဇူးပြုတတ်တဲ့မိတ်ဆွေ၊ "**သမာနသုခဒုက္ခ**"

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လို့ဆိုတဲ့ အေးအတူ ပူအမျှဆိုတဲ့ မိတ်ဆွေတွေ၊ ''အတ္ထက္ခာယီ''ဆိုတဲ့ ကောင်းကျိုးချမ်းသာတွေကို ပြောပြပေးတတ်တဲ့မိတ်ဆွေ၊ ''အနုကမ္ပက''ဆိုတဲ့ အစဉ်သနားစောင့်ရှောက်တတ်တဲ့မိတ်ဆွေ။

အဲဒီမိတ်ဆွေမျိုးဟာ တကယ့်မိတ်ဆွေကောင်းဖြစ်ဖို့ ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမှာ ဖြစ်ပါတယ်။ ကိုယ်ပေါင်းတဲ့မိတ်ဆွေတွေကလည်း အဲဒီလို မိတ်ဆွေမျိုးတွေ ဖြစ်သင့်ပါတယ်လို့ ဒါကြောင့်မို့ ဒီကနေ့ည ဗုဒ္ဓမြတ်စွာဟောကြားခဲ့တဲ့ တရားဒေသနာတော်တွေထဲကနေပြီးတော့-

(၁)မိတ်ဆွေအတုဆိုတာ ဘာလဲ? -

(၂)မိတ်ဆွေအစစ်ဆိုတာဘာလဲ?

(၃)မိတ်ကောင်းဆွေကောင်းဆိုတာ ဘာလဲ?

လောကမှာ ပေါင်းသင်းဆက်ဆံရေး သံသရာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြီးပွားရေးပဲဖြစ်စေ၊ လောကကြီးပွားရေးပဲဖြစ်စေ၊ တရားဓမ္မနဲ့ပတ်သက်ပြီး ကြီးပွားရေးပဲဖြစ်စေ၊ မိတ်ဆွေကောင်းနဲ့ကင်းပြီးတော့ မကြီးပွား မတိုးတတ်နိုင်ဘူး။

ဒါကြောင့် မိတ်ကောင်းဆွေကောင်းဆိုတာ အင်မတန်မှ လိုအပ်တယ်၊ အင်အားကြီးလှတဲ့ External condition. အပြင်က အကြောင်းတရား ဖြစ်တယ်ဆိုတာ လက်ခံပြီး မိတ်ကောင်းဆွေကောင်း မိမိတို့ကိုယ်တိုင်ကလည်း အများရဲ့ မိတ်ကောင်းဆွေကောင်း ဖြစ်အောင် ကြိုးစားကြဖို့၊ မိမိတို့ပေါင်းသင်းတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ တကယ့်မိတ်ကောင်းဆွေကောင်းတွေ ဖြစ်ဖို့ဆိုတာ အာရုံထားပြီးတော့ ကျင့်ကြံကျိုးကုတ်အားထုတ်နိုင်ကြပါစေကုန်သတည်း။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မြွေစာပေပြန့်ပွားရေး
# ထာဝရပဒေသာပင် အလှူရှင်များ

| | | |
|---|---|---|
| ၁။ | ဦးအုန်းကျော်+ဒေါ်တင်မမ မိသားစု။ | ၃၀,၀၀,၀၀၀ |
| ၂။ | မိဘများနှင့် ဦးတင်စိုးတို့ကိုရည်စူး၍ ဒေါ်ခင်လှ မိသားစု။ (ကိုကျော်သင်းဆေးဆိုင်) မင်္ဂလာဈေး။ | ၁၉,၀၀,၀၀၀ |
| ၃။ | ဦးခင်ရွှေ+ဒေါ်မေလှိုင် မိသားစု။ | ၃,၀၀,၀၀၀ |
| ၄။ | ဦးစံသာ+ဒေါ်မေဦးခင် သမီး - စံသာရတနာ သား - မောင်စံသာသုခ မိသားစု။ | ၁,၅၀,၀၀၀ |
| ၅။ | ဦးမြဟန်+ဒေါ်သီတာစိ မိသားစု။ | ၁,၀၀,၀၀၀ |
| ၆။ | ရွှေပြည်ဟိန်းဆရာတော်၏ မယ်တော်ကြီး ဒေါ်အမာ။ | ၁,၀၀,၀၀၀ |

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဓမ္မဒါနကုသိုလ်ရှင်

[illegible]

[illegible]

အောင်ဝမ္မပုံနှိပ်လုပ်ငန်း၊
အမှတ်(၁၅၂) ၂၂-လမ်း လသာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၄၁၉၃, ၀၉-၅၁၄၆၀၉၅